# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၂၉)၊ ၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်၊ ၂၈-၁၂-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်အတွင်း ဒေသအချို့တွင်ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် ဖိတ်ခေါ်ထား

### နှစ်(၅၀)ပြည့် ရွှေရတုအာခါအမျိုးသားနေ့အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ပေးပို့သည့်သဝဏ်လွှာ

ချစ်ခင်လေးစားအပ်ပါသော အာခါတိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျား-

ယနေ့ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော နှစ်(၅၀)ပြည့် ရွှေရတု အာခါ အမျိုးသားနေ့အခမ်းအနားတွင် အာခါတိုင်းရင်းသားလူမျိုးများနှင့်တကွ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အာခါလူမျိုး အကြီးအကဲတို့၏ဦးဆောင်မှုဖြင့်

စာမျက်နှာ ၃ သို့ ◆

## တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း တက်ရောက်မိန့်ခွန်းပြောကြားသည်။

စာမျက်နှာ ၄ သို့ ❑



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း အကောင်းဆုံးသင်တန်းသူ ဆုရရှိသူ သင်တန်းသူ ဆုမြတ်ရတနာအား ဆုပေးအပ်ချီးမြှင့်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၇

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက် ၊ စနေနေ့ ။

## အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာရင်းပညာရပ် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းကို ၂၀၀၄ ခုနှစ်မှ စတင်ဖွဲ့စည်းတည်ထောင်ခဲ့ရာ ယခုဆိုလျှင် နှစ် ၂၀တိုင်ခဲ့ပြီ ဖြစ်သည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ စာရင်းပညာရပ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်၊ ထပ်မံပြဋ္ဌာန်းထားသည့် စာရင်းပညာဆိုင်ရာ နိုင်ငံတကာစံများနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များကို သိရှိနားလည်ပြီး လိုက်နာမှုအားကောင်းလာစေရေးအတွက် ယင်းတို့နှင့်စပ်လျဉ်းသည့်အသိပညာပေးဟောပြောပွဲများကိုလည်း ပိုမိုကျယ်ပြန့်စွာ ကျင်းပပြုလုပ်ရန်လိုအပ်ပါကြောင်း၊ အသင်းသားများအနေဖြင့်လည်း မိမိတို့၏ ပညာရပ်ဆိုင်ရာအရည်အချင်းများ ပိုမိုပြည့်ဝလာစေရေး CPD Programme များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်နှင့် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်များ၊ အသင်းနှင့် မြန်မာနိုင်ငံစာရင်းကောင်စီတို့မှ သတ်မှတ်ထုတ်ပြန်သည့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ၊ ကျင့်ဝတ်သိက္ခာဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြပြီး အသင်းကြီးခိုင်မာအားကောင်းစွာ ရေရှည်တည်တံ့နိုင်ရေးအတွက် စာရင်းပညာရှင်များပီပီ ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက ရန်ကုန်မြို့ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နဝဒေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည့် မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း၏ (၁၇) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေး၌ Video Message ပေးပို့ကာ တိုက်တွန်းပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ စာရင်းစစ်အစီရင်ခံစာတို့ကို ဖတ်ကြားတင်ပြအတည်ပြုခြင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ခန့်အပ်ခြင်းများကို အတည်ပြုချက်ရယူခြင်းများအား အစီအစဉ်အတိုင်း ဆောင်ရွက်ခဲ့ကြသည်။

မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အသင်းအနေဖြင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာစာရင်းပညာရပ်ဖွံ့ဖြိုးတိုးတက်မှုရှိစေရန်နှင့် ကိုယ်ကျင့်တရားနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာစံများကို လိုက်နာမှုပိုမိုအားကောင်းစေရန် စဉ်ဆက်မပြတ် လေ့လာသင်ယူမှု အစီအစဉ် (Continuous Professional Development–CPD Programme)ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးကန်တော်ကြီးပတ်လမ်း၊ ပြည်ကြီးမွန်ဖောင်တော်ရှိ LAKE HUB (ကန်တော်ကြီးဆုံမှတ်) Cafe & Restaurant ဖွင့်ပွဲ အခမ်းအနား ကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့တော်နေ ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များ ကုန်ပစ္စည်းမိတ်ဆက်ပွဲများ၊ ပညာရေးနှင့်ပတ်သက်သည့်အခမ်းအနားများ၊ မိတ်ဆုံစားပွဲ၊ အလုပ်ရုံဆွေးနွေးပွဲ၊ အစည်းအဝေးပွဲများကို သွားလာရလွယ်ကူပြီး အေးချမ်းသာယာလှသည့် ပတ်ဝန်းကျင်နေရာကောင်းတွင် ကျင်းပလိုပါကလည်းကောင်း၊ စိတ်တိုင်းကျအစားအစာ(မြန်မာ၊ တရုတ်၊ ထိုင်း)ဟင်းလျာအမျိုးမျိုးတို့ကို စိတ်ကြိုက်ရွေးချယ်မှာယူစားသုံးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးမည့် မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးကန်တော်ကြီးပတ်လမ်း၊ ပြည်ကြီးမွန်ဖောင်တော်ရှိ LAKE HUB (ကန်တော်ကြီးဆုံမှတ်)Cafe & Restaurant ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ အခမ်းအနားကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနမှူး ဦးစိုးလင်းနှင့် LAKE HUB ပိုင်ရှင် ဦးကျော်အေးတို့က မင်္ဂလာအချိန်တွင် ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် Bee Poison Dance Crew အဖွဲ့မှ အကဖြင့်လည်းကောင်း၊ တေးသံရှင် ပိုင်ပိုင်က တေးသီချင်းများဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။ အဆိုပါ LAKE HUB Cafe & Restaurant တွင် လူ (၂၀)မှ (၈၀) ယောက်ဆံ့ Meetings Venue (အစည်းအဝေးခန်း)များအား နေ့တစ်ဝက်(သို့မဟုတ်)နေကုန်ငှား ရမ်းအသုံးပြုနိုင်အောင် စီစဉ်ထားရှိသည့်အပြင် ကန်တော်ကြီးရေပြင်အတွင်း လှည့်လည်ကြည့်ရှုလိုပါကလည်း ပြုပြင်တည်ဆောက်ပြီး(၁၅)ယောက်စီး အပျော်စီးလှေအား ငှားရမ်းနိုင်ကြောင်းနှင့် ကော်ဖီကြိုက်နှစ်သက်သူများအတွက်လည်း နိုင်ငံတကာ၏ ကော်ဖီအရသာ အမျိုးမျိုးခံစားရရှိစေရန် ဝန်ဆောင်မှုကောင်းမွန်စွာဖြင့် စီစဉ်ဖွင့်လှစ်ထားခြင်းဖြစ်ရာ လာရောက်အားပေးနိုင်ကြကြောင်းသိရသည်။

**(မန္တလေးနေ့စဉ်)**

## ပြည်ကြီးတံခွန်မြို့နယ်၊ အ-ထ-က(ခွဲ)လ-၂၅ ကျောင်းတွင် စာပတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ



**မန္တလေး ဒီဇင်ဘာ ၂၇**

ကျောင်းသားလူငယ်များစာပေဖတ်ရှုလေ့လာမှု အားကောင်းလာစေရန်နှင့် မိမိတို့အတွေးအမြင် ဗဟုသုတများကို အချင်းချင်းမျှဝေ၊ ဆွေးနွေးဖလှယ်တတ်စေရန် ရည်ရွယ်၍ မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ အ·ထ·က(ခွဲ) လ-၂၅ ကျောင်းတို့ ပူးပေါင်းကျင်းပသည့် လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀နာရီက ပြည်ကြီးတံခွန်မြို့နယ်ရှိ အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(ခွဲ)လ-၂၅ ကျောင်းအုပ်ဆရာမကြီးဒေါ်သီတာသိင်္ဂီဌေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလွင်က လူငယ်စကားဝိုင်းကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိဒေါ်ခင်စောလွင်၊ Grade-10 ကျောင်းသူ မဆုပြည့်ကျော်က လူငယ်နှင့် စာပေ၊ Grade-10 ကျောင်းသူ မကြယ်စင်မှူးက လူငယ်နှင့်မူးယစ်ဆေးဝါး၊ Grade-11 ကျောင်းသား မောင်သန့်ဇင်ထွန်းက လူငယ်နဲ့ Social Media အစရှိသည့် ခေါင်းစဉ်တို့ကို တစ်ဦးချင်းအလိုက် ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(၀၈၄)**

## မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်ကလေးများ၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ပခုက္ကူ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်း၌ ရင်သွေးငယ်ကလေးများ၏ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီက ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ပခုက္ကူမြို့၊ မူလတန်းကြိုကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ရင်သွေးငယ်ကလေးများက တေးသီချင်းအကဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားဖွင့်လှစ်ကြပြီး အကြီးတန်းအဆင့်နှင့် အငယ်တန်းအဆင့်အလိုက် အပြေး၊ အင်္ကျီဝတ်၊ဘောလုံးသယ်၊ အက္ခရာစဉ်၊ ဖိနပ်စီး၊ ဘူးဆင့်၊ အံသွင်း၊ အာလူးကောက်၊ ယုန်ခုန်၊ ကြိုးသီစသည့် ကာယစွမ်းရည်ပြိုင်ပွဲများ ကျင်းပပြုလုပ်ရာ ကျောင်းသား၊ ကျောင်းသူရင်သွေးငယ် စုစုပေါင်း(၁၅၀)ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ပြိုင်ပွဲအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုများနှင့် နှစ်သိမ့်ဆုရရှိသူများကို ပခုက္ကူခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဦးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**(၃၄၀)**

၀-၀-၀-၀-၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



ရန်ကုန်မြို့၏ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

- ❑ **အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့၊ ထို့ကြောင့် အာခါလူမျိုးတို့နေထိုင်ရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကို တွေ့ရှိရ**
- ❑ **ပညာရေးကဏ္ဍတိုးတက်မှု၏ ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်အသီးသီးတွင် အာခါလူမျိုးတပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရ**

◆ ရှေ့ဖုံးမှ

၁၉၇၅ ခုနှစ်မှစတင်ကျင်းပခဲ့သော အာခါအမျိုးသားနေ့ကို အာခါလူမှုအဖွဲ့အစည်းအသီးသီးမှ စည်းလုံးညီညွတ်စွာဖြင့် ဆက်လက်၍ နှစ်စဉ်စည်ကားသိုက်မြိုက်ပြီး အောင်မြင်စွာကျင်းပခဲ့ကြသည်မှာ ယခုအခါ ရွှေရတုကာလ နှစ်(၅၀)ပြည့် အခါသမယသို့ ရောက်ရှိခဲ့ပြီဖြစ်ပါသည်။ ထိုကဲ့သို့ အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှု၊ တည်ငြိမ်အေးချမ်းမှု၊ သာယာဝပြောမှုတို့ကို ဖော်ပြခွင့်ရသည့် အမျိုးသားနေ့အခမ်းအနားတွင် မိမိအနေဖြင့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခွင့်ရသည့်အတွက်လည်း များစွာဂုဏ်ယူမိပါသည်။

အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသများသို့ ဝင်ရောက်အခြေချနေထိုင်ခဲ့သည့် ၁၁ ရာစုအစောပိုင်း အချိန်ကာလများမှစ၍ ဒေသခံတိုင်းရင်းသားလူမျိုးများနှင့် အေးအတူပူအမျှစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းခံကာ စည်းလုံးညီညွတ်စွာ နေထိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။ အာခါလူမျိုးတို့အနေဖြင့် ပင်ရင်းဘာသာဖြစ်သော အာခါဇန်းဘာသာအပြင် ဒေသခံအခြားတိုင်းရင်းသားများနည်းတူ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာတို့ကို ကိုးကွယ်လျက်ရှိပြီး ဘာသာတရား၏ အဆုံးအမများအောက်တွင် အေးချမ်းစွာနေထိုင်လျက်ရှိကြပါသည်။ အာခါစာပေနှင့်ပတ်သက်၍လည်း ၂၀၀၈ ခုနှစ်မှစတင်၍ တစ်ခုတည်းသော အာခါအမျိုးသားစာပေကို ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရသောကြောင့် အာခါလူမျိုးတို့၏ ကြိုးပမ်းအားထုတ်မှုကို ဖော်ပြနိုင်ခဲ့ပါသည်။ အာခါလူမျိုးများသည် မိမိတို့၏ အဝတ်အထည်များကို ကိုယ်တိုင် ရက်လုပ်ဝတ်ဆင်ကြသကဲ့သို့ မိမိတို့၏ ယဉ်ကျေးမှု၊ ဘာသာစကား၊ ရိုးရာဓလေ့ထုံးတမ်းတို့ မပျောက်ပျက်အောင် ထိန်းသိမ်းလျက်ရှိသည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရပါသည်။ အာခါလူမျိုးတို့၏ ကိုးကွယ်ယုံကြည်မှု၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများအရ ရာသီအလိုက် ကျင်းပပြုလုပ်သည့် ထုံးတမ်းအစဉ်အလာပွဲများနှင့် လူမျိုးဘာသာမရွေး အာခါတိုင်းရင်းသားတို့နှင့်အတူတကွ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်သော ပွဲတော်များ ကျင်းပလျက်ရှိသည်ကိုလည်း သိရှိရပါသည်။

အာခါလူမျိုးတို့အနေဖြင့် ခေတ်အဆက်ဆက်တွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့ နေထိုင်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မြင့်မားနေသည်ကို တွေ့ရှိရပါသည်။ ပညာရေးကဏ္ဍ တိုးတက်မှု၏ ရလဒ်အဖြစ် ယခုအခါ နိုင်ငံတော်၏ ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အုပ်ချုပ်ရေးနယ်ပယ်အသီးသီးတွင် အာခါလူမျိုး တပ်မတော်သားများ၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နေကြသည်ကို ဂုဏ်ယူဖွယ်တွေ့မြင်ရပါသည်။ အာခါလူမျိုးတို့အနေဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်၊ လာအို၊ ထိုင်း စသည်တို့နှင့် နယ်နိမိတ်ထိစပ်နေသော နယ်စပ်ဒေသများတွင် နေထိုက်လျက်ရှိသောကြောင့် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှုကို တည်ဆောက်ပြီး နယ်စပ်ဒေသတည်ငြိမ်ရေး၊ နယ်စပ်ဒေသကုန်သွယ်ရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်ခြင်းမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ဝိုင်းဝန်းဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်ထမ်းဆောင်ချိန်မှစ၍ နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးကို ရှေးရှုကာ ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတော်အတွင်း ဒေသအချို့တွင် ဖြစ်ပွားနေသော လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက်လည်း နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်နှင့် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းများဖြင့် ဖြေရှင်းရန် ဖိတ်ခေါ်ထားရှိပြီး ဖြစ်ပါသည်။ သို့သော် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် မိမိဒေသနှင့် မိမိလူမျိုးအကျိုးကို မျက်ကွယ်ပြုကာ အကြမ်းဖက်လုပ်ရပ်များကို တစိုက်မတ်မတ် ဆက်လက်ဆောင်ရွက်နေသည်ကို တွေ့မြင်နေရပါသည်။ အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရ လျှောက်လှမ်းနေသည့်လမ်းကြောင်းအတိုင်း လိုက်ပါ၍ ပူးပေါင်းဆောင်ရွက်ခဲ့သောကြောင့် မိမိတို့၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာသည်ကို တွေ့ရှိခဲ့ရပြီးဖြစ်ပါသည်။ ထို့ကြောင့် အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို ဆက်လက်ထိန်းသိမ်းကာ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားကဏ္ဍအသီးသီးမှာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး မိမိတို့ဒေသနှင့်လူမျိုးအကျိုးကို ပိုမိုမြှင့်တင်ပေးနိုင်ရေး ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

အာခါလူမျိုးတို့အနေဖြင့် နိုင်ငံတော်နှင့်ဒေသအတွက် မှတ်ကျောက်တင်ခံနိုင်သော သမိုင်းမှတ်တမ်းကောင်းများကို ရေးထိုးခဲ့ကြပြီးဖြစ်သလို ဆက်လက်ရေးထိုးနိုင်ရေး ကြိုးပမ်းကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ထို့အပြင် အာခါလူမျိုးတို့အနေဖြင့် မိမိတို့တွင် ခိုင်ခိုင်မာမာရှိပြီးဖြစ်သော သမိုင်းအစဉ်အလာ၊ ရိုးရာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို မပျောက်ပျက်အောင် လက်ဆင့်ကမ်းကာကွယ်စောင့်ရှောက်ရင်း ယခုကဲ့သို့ အမျိုးသားနေ့များမှတစ်ဆင့် အာခါလူမျိုးတို့၏ စည်းလုံးညီညွတ်မှုများကို ဖော်ထုတ်ပြသကာ အာခါလူမျိုးတို့၏ဂုဏ်ကို မြှင့်တင်နိုင်ကြပြီး နိုင်ငံတော်နှင့် ဒေသကောင်းကျိုးကို ရွက်ဆောင်နိုင်သူများဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါလို့ တိုက်တွန်းရင်း နှစ်(၅၀) ပြည့် ရွှေရတုအာခါအမျိုးသားနေ့ကို ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်


## သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ခြင်းအစီအစဉ်အတွက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များက စုပေါင်းလှူဒါန်း

နေပြည်တော် ဒီဇင်ဘာ ၂၇

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၏ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ခြင်းအစီအစဉ်အတွက် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲပိုင်းက သတင်းမီဒီယာဖွံ့ဖြိုးရေးကော်မတီအဖွဲ့ ခေါင်းဆောင် ဦးခင်မောင်ကျော်ဒင် သို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက ကောင်စီဝင်များအားလုံး၏ နှစ်သစ်ဦးစုပေါင်း လှူဒါန်းငွေကျပ် ၂၅၀၀၀၀၀ ကို သတင်းမီဒီယာကောင်စီရုံး၌ လှူဒါန်းပေးအပ်သည်။ (ယာပုံ)

နိုင်ငံတော်လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလနှင့် နောက်ပိုင်းတွင် ခေတ်အဆက်ဆက် တိုင်းကျိုးပြည်ကျိုးထမ်းဆောင်ခဲ့ကြသည့် သတင်းစာပညာရှင်ကြီးများအား လေးစားဂုဏ်ပြုသောအားဖြင့် ပြုလုပ်မည့် ပူဇော်ကန်တော့ခြင်းအစီအစဉ်တွင် ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (၀၉- ၄၄၈၀၂၆၃၂၆)၊ အမှတ် (၃၉၂-၃၉၆ ကုန်သည်လမ်း ၉ ရပ်ကွက် ဗိုလ်တထောင်မြို့နယ်)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ သင်တန်းသူ စုပုံချစ်အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်း စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ရွှေစင်မင်းထွန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

❑ရှေ့ဖုံးမှ

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင်ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် စည်သူ ထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ရန်ကုန်တပ်နယ်မှ တာဝန်ရှိသူများ၊ ကျောင်းဆင်း သင်တန်းသား၊ သင်တန်းသူများ၏ မိဘအုပ်ထိန်းသူများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်စာပေဌာနနှင့် လေ့ကျင့်ရေးဌာနတို့မှ နည်းပြအရာရှိများနှင့် ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**တပ်ခွဲများအားစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက သင်တန်းဆင်းတပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် အလံတော်အဖွဲ့နှင့် ကျောင်းဆင်း တပ်ခွဲများအား စစ်ဆေးသည်။ ၎င်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကျောင်းဆင်းတပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်ဖြင့် ချီတက်အလေးပြုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်၊ အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၉) မှ အကောင်းဆုံးသင်တန်းသူဆုရရှိသူ သင်တန်းသူ ဆုမြတ်ရတနာ၊ လေ့ကျင့်ရေးထူးချွန်ဆု ရရှိသူ သင်တန်းသူ စုပုံချစ်နှင့် စာပေထူးချွန်ဆုရရှိသူ သင်တန်းသူ ရွှေစင်မင်းထွန်းတို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံချီ မဟာသရေစည်သူ စိုးဝင်းက မိန့်ခွန်းပြောကြားရာတွင် ယနေ့သည် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၂၂) နှင့် အမျိုးသမီးသူနာပြုနှင့်ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၉)တို့၏ သင်တန်းဆင်းသည့်နေ့ဖြစ်ပြီး တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မျိုးဆက်သစ်များ ထပ်မံမွေးထုတ်ပေးလိုက်သည့် ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာနေ့တစ်နေ့လည်းဖြစ်ကြောင်း။

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်အနေဖြင့် **"ဒွိတာဝန် အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများနှင့် ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်"** ဆိုသည့် ရည်ရွယ်ချက်နှင့်အညီ သူနာပြုများနှင့် ဆေးဘက်ပညာသည်များကို စဉ်ဆက်မပြတ် သင်ကြားလေ့ကျင့် မွေးထုတ်ပေးလျက်ရှိကြောင်း။

ထိုသို့ သင်ကြားလေ့ကျင့်မွေးထုတ်ပေးရာတွင် ယနေ့အချိန်ထိ သူနာပြု သိပ္ပံဘွဲ့၊ ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာ နည်းပညာသိပ္ပံဘွဲ့၊ ဆေးပညာ သင်ကြားရေးဘွဲ့လွန်ဒီပလိုမာဘွဲ့၊ သူနာပြုမဟာသိပ္ပံဘွဲ့၊ ဆေးဝါးမဟာသိပ္ပံဘွဲ့၊ ဆေးဘက်ဆိုင်ရာနည်းပညာမဟာသိပ္ပံဘွဲ့၊ သူနာပြုပါရဂူဘွဲ့၊ ဆေးဘက်ဆိုင်ရာ ဓာတ်မှန်နှင့် ပုံရိပ်ဖော်နည်းပညာ ပါရဂူဘွဲ့ရရှိသူ စုစုပေါင်း ၅၅၇၃ ဦးကို လေ့ကျင့် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

**ကျေပွန်စွာထမ်းဆောင်**

အဓိတက္ကသိုလ်က လေ့ကျင့်သင်ကြား မွေးထုတ်ပေးလိုက်သည့် သူနာပြုများနှင့် ဆေးဘက်ပညာသည်များသည် လက်တွေ့နယ်ပယ်ဖြစ်သည့် တပ်မတော်ဆေးရုံ၊ ဆေးတပ်ရင်းတပ်ဖွဲ့များတွင်သက်ဆိုင်ရာဆေးဘက်ပညာရပ်များကို ထိရောက်စွာ အသုံးချပြီး နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအဖြစ် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို သူနာပြုကျင့်ဝတ်များနှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းကိုလည်း အသိအမှတ်ပြုပြောကြားလိုကြောင်း။

တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာ တက္ကသိုလ် တည်ထောင်ခဲ့သည်မှာ လာမည့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် ၂၅ နှစ်ပြည့်မြောက်ပြီး ငွေရတု နှစ်ပတ်လည်တိုင်တော့မည်ဖြစ်ကြောင်း၊ ဆေးဝန်ထမ်းတပ်ဖွဲ့၏ အဓိကအင်အားစုကြီးဖြစ်သည့် သူနာပြုတပ်ဖွဲ့ဝင်များသည် စစ်ပညာတတ်မြောက်ပြီး ဆင့်ကဲဆင့်ကဲ ရာထူးတာဝန်များကို ထမ်းဆောင်နိုင်ရန် လိုအပ်ခြင်းကြောင့် သူနာပြုတက္ကသိုလ် (Defence Services Institute of Nursing) ကို ၂၀၀၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ပြီး အမျိုးသားသူနာပြု သိပ္ပံဘွဲ့ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း။

တပ်မတော်သားများ၊ မှီခိုသူမိသားစုဝင်များနှင့် ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် ဆရာဝန်များ၊ သူနာပြုများသာမက ဆေးဝါးဖော်စပ်ခြင်း၊ ရောဂါရှာဖွေခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့အတွက် ဆေးဘက်ပညာသည်များ၏ အခန်းကဏ္ဍကလည်း အရေးပါလာခြင်းကြောင့် ၂၀၀၂ ခုနှစ်တွင် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် (Military Institute of Nursing and Paramedical Sciences) အဖြစ် ပြောင်းလဲတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် အမျိုးသမီးသူနာပြုများ မွေးထုတ် ပေးနိုင်ရေးအတွက် အမျိုးသမီးသူနာပြု သိပ္ပံဘွဲ့ သင်တန်းများကို ၂၀၁၄ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်သင်ကြား လေ့ကျင့်ပေးနိုင်ခဲ့ကြောင်း၊ တပ်မတော် သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်သည် စတင်ဖွင့်လှစ်စဉ်ကပင် ယနေ့ထိတိုင်အောင် ပေးအပ်ထားသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်ရမည်ပင်ဖြစ်ကြောင်း။

**"စေတနာ အကြင်နာ ဘေးကင်းကွာ"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ သူနာပြုများအနေဖြင့် လူနာများကို ပြုစုစောင့်ရှောက်မှု ပေးရာတွင် အကြင်နာတရား အပြည့်အဝထားရှိရန် လိုအပ်ကြောင်း၊ ထို့ကြောင့် သာမန်တာဝန်ထမ်းဆောင်နေမှုဆိုသည်ထက် သူနာပြုစုမှု အတတ်ပညာနှင့် ပေါင်းစပ်ပြီး မိမိတို့ထံတွင် အခြေခံရှိပြီးသား ဖြစ်သည့် ကြင်နာမှုစိတ်ဓာတ်ကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လေ့ကျင့်မွေးမြူသွားကြရမည်ဖြစ်ကြောင်း။

လူနာများအတွက် ပြည့်စုံလုံလောက်သည့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်သော ထူးချွန်ထက်မြက်သည့် သူနာပြုကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် ကိုယ်ပိုင်အရည်အချင်းများနှင့် သက်မွေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှု အရည်အချင်းများဆိုသည့် အင်္ဂါရပ်နှစ်ခုနှင့် ပြည့်စုံနေရန်လည်း လိုအပ်ကြောင်း၊ စာနာမှုနှင့် ကရုဏာတရားရှိမှု၊ စိတ်ရှည်သည်းခံနိုင်မှု၊ လိုက်လျောညီထွေရှိပြီး ပြောင်းလွယ်ပြင်လွယ်နိုင်မှု၊ ထိရောက်စွာပြောဆိုဆက်ဆံနိုင်မှုနှင့် လူနာများ၏ စိတ်ဖိစီးမှုကို ကောင်းမွန်ကျွမ်းကျင်စွာ ကိုင်တွယ်ဖြေရှင်းနိုင်မှုစသည့် သူနာပြုကောင်းတစ်ဦး၏ ရှိသင့်ရှိအပ်သည့် ကိုယ်ရည်ကိုယ်သွေးများ ပြည့်စုံနေရန် ကြိုးစားလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ လူနှင့် တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ ကုသရန်နှင့် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန်အတွက် အသုံးပြုသည့် ပစ္စည်းကို ဆေးဝါးအဖြစ် သတ်မှတ်ခဲ့ကြကြောင်း၊ ဘေးကင်းသော၊ အာနိသင်ရှိသော၊ အရည်အသွေးပြည့်မီသော ဆေးဝါးများ ဖော်စပ်ရေး၊ ထုတ်လုပ်ရေး၊ သိုလှောင်သိမ်းဆည်းရေးနှင့် ပြည်သူလူထုထံသို့ ဖြန့်ဝေရေး စသည့်လုပ်ငန်းတာဝန်များကို အောင်အောင်မြင်မြင် ထမ်းဆောင်နိုင်ရန်အတွက် ဆေးဝါးကျွမ်းကျင်သူများကိုလည်း သင်ကြားလေ့ကျင့်မွေးထုတ်ပေးလျက်ရှိရာတွင် ပရဆေးဗေဒ၊ ဆေးဝါးဘက်ဆိုင်ရာဓာတုဗေဒ၊ ဆေးဝါးဖော်စပ်ရေး၊ ဆေးဝါးဗေဒ၊ဆေးဝါးဘက်ဆိုင်ရာဓာတ်ခွဲစမ်းသပ်ခြင်း ဘာသာရပ်များကို အဓိကသင်ကြားပေးလျက်ရှိကြောင်း။

ခေတ်မီ ဆန်းသစ်သည့် အနောက်တိုင်း ဆေးဝါးများနှင့် ပတ်သက်သည့် ပညာရပ်များကိုလည်း ဆည်းပူးသင်ကြားရမည်ဖြစ်သကဲ့သို့ နိုင်ငံတော်အနေဖြင့် တိုင်းရင်းဆေး ကဏ္ဍကိုလည်း ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ပြီး ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုများတွင် တိုင်းရင်းဆေးပညာနှင့် ပါဝင်အားဖြည့်နိုင်ရန် အလေးထား ဆောင်ရွက်လျက်ရှိခြင်းကြောင့် လေ့လာသင်ယူရန်လိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတကာနှင့် ပြည်တွင်းတွင်ပါ အသုံးတွင်ကျယ်လာသည့် ဆေးဖက်ဝင်နွယ်မြက်သစ်ပင်တို့ အကြောင်း (Herbal Medicine) ကိုလည်း မျက်ခြည်မပြတ် ဆည်းပူးလေ့လာပြီး တိုင်းရင်းဆေးပညာရှင်များနှင့်အတူ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**ကာကွယ်စောင့်ရှောက်**

ဆေးဝါး ကျွမ်းကျင်သူများအနေဖြင့် ဆေးဝါးဖော်စပ်သည့်ပညာ၊ ဆေးဝါးများ မှန်ကန်စွာအသုံးပြုရေး၊ ဆေးဝါးများ အရည်အသွေး ပြည့်မီမှု ရှိ/မရှိ စစ်ဆေးစမ်းသပ်ရေး၊ ဆေးဝါးအသစ်များ တီထွင်ထုတ်လုပ်ရေး၊ တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူလူထုတို့ ဆေးဝါးလုံလောက်စွာရရှိရေး၊ သုံးစွဲသူလက်ဝယ်သို့ ဆေးဝါးများ မှန်ကန်စွာရောက်ရှိရေး၊ ဆေးဝါးများ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးရေး စသည့်လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရသူများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဆေးဝါးကျွမ်းကျင်မှု သိပ္ပံဘွဲ့ရသူများအနေဖြင့် မိမိတို့ တတ်ကျွမ်းနားလည်ထားသည့် ဆေးဝါးကျွမ်းကျင်မှုဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း။

ထို့အပြင် အခြားဆေးဘက်ပညာသည်များဖြစ်သည့် ဓာတ်ခွဲကျွမ်းကျင်သူများ၊ ဓာတ်မှန်ပုံရိပ်ဖော်ကျွမ်းကျင်သူများ၊ ခန္ဓာသန်စွမ်းမှု လေ့ကျင့်ပေးရေးကျွမ်းကျင်သူများ အနေဖြင့်လည်း မိမိတို့ အထူးပြုကျွမ်းကျင်ပညာရပ်များအလိုက် လူနာများအပေါ် ကုသမှုပေးရာတွင် မှန်ကန်ထိရောက်မှုရှိသည့် စစ်ဆေးဖော်ထုတ်မှုများနှင့် ကောင်းမွန်ပြည့်စုံသည့် ကျန်းမာရေးပြုစုစောင့်ရှောက်ကုသမှုများ ပေးနိုင်ရန်အတွက် စဉ်ဆက်မပြတ် လေ့လာဆည်းပူးနေရမည် ဖြစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းထားသည့် အထူးပြုပညာရပ်အလိုက် သုတေသန လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နေရမည့်အပြင် လူနာများ၏ ကောင်းကျိုးအတွက် အခြားသော ဆေးပညာရပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကာပြီးပြည့်စုံသည့် ပြုစုကုသမှုများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

စာမျက်နှာ ၅ သို့

☆ **သာမန်တာဝန်ထမ်းဆောင်နေမှုဆိုသည်ထက် သူနာပြုစုမှု အတတ်ပညာနှင့် ပေါင်းစပ်ပြီး မိမိတို့ထံတွင် အခြေခံရှိပြီးသားဖြစ်သည့် ကြင်နာမှုစိတ်ဓာတ်ကို ပိုမိုရင့်ကျက်ခိုင်မာစေရန် လေ့ကျင့်မွေးမြူသွားကြရမည်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်း တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ်(၂၂)နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားတွင် သင်တန်းဆင်းသူနာပြုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

*စာမျက်နှာ ၄ မှ*

ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်သည့် နေရာတွင် ပြုစုကုသရေး၊ ရောဂါရှာဖွေရေး၊ တားဆီးကာကွယ်ရေး၊ ကျန်းမာရေးမြှင့်တင်ပေးရေးနှင့် ပြန်လည်သန်စွမ်းရေးဆိုသည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်များကို နိုင်ငံ့သားကောင်း ဆေးဝန်ထမ်း တပ်ဖွဲ့ဝင်များပီပီ ကျောသား၊ ရင်သား မခွဲခြားဘဲ စိတ်ရင်း စေတနာမှန်နှင့် ဆောင်ရွက်ပေး သွားကြရန်လိုကြောင်း။

ဆေးဝန်ထမ်း တပ်ဖွဲ့၏ သမိုင်းကြောင်းတစ်လျှောက်တွင် သူနာပြုနှင့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များသည် ပြုစုကုသစောင့်ရှောက်ရေးနှင့် စစ်မြေပြင်ဆေးအကာအကွယ်ပေးရေး တာဝန်များကို ကိုယ်ရောစိတ်ပါ စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးနှင့် စစ်ဆင်ရေး တာဝန်များကို ရဲစွမ်းသတ္တိအပြည့်နှင့် သစ္စာရှိရှိ၊ တာဝန်သိသိ ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသဖြင့် စစ်ဘက်စွမ်းရည်ဆိုင်ရာ ဂုဏ်ထူးဆောင် လက်မှတ်များ ချီးမြှင့်ခံရခြင်း၊ စစ်မြေပြင်ရာထူးတိုးခြင်းနှင့် အဆင့်တိုးမြှင့်ခြင်းများကိုလည်း ထိုက်ထိုက်တန်တန် ရရှိခဲ့ကြသည့်အတွက် အမိတက္ကသိုလ်နှင့် လေ့ကျင့်သင်ကြားပေးလိုက်သည့် နည်းပြများအတွက်လည်း ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ ထိုသို့စွမ်းဆောင်နိုင်မှုများကို လေးစားအားကျ ဂုဏ်ယူစိတ်နှင့် မိမိတို့ကိုယ်တိုင်လည်း ကြိုးစားကြရမည် ဖြစ်သကဲ့သို့ အစဉ်အလာ ကောင်းများကို ထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင် စစ်သည်တော်ကောင်းများ ဖြစ်အောင် ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ကြောင်း။

တပ်မတော်သားများ ဖြစ်သည်နှင့်အညီ စစ်မြေပြင်တွင် တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အသက်ပေးကာကွယ်စောင့်ရှောက်ကြရသည့်သူများဖြစ်ခြင်းကြောင့် အချင်းချင်းနှင့် အထက်အောက် သစ္စာစောင့်သိမှုသာလျှင် အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ရယူနိုင်မည်ဖြစ်ပြီး လုပ်ငန်းကိစ္စအဝဝကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်သည်တော်ကျင့်ဝတ် အပါးခြောက်ဆယ်ကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံအောင် စောင့်ထိန်းလိုက်နာပြီး ကျင့်ဝတ်စည်းကမ်း အရာတွင် စံနမူနာပြဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်း။

### အရည်အချင်းပြည့်ဝအောင် ကြိုးစားလုပ်ဆောင်

သူနာပြု တပ်ဖွဲ့ဝင်များနှင့် ဆေးဘက်ပညာသည်များသည် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့အတွက် မရှိမဖြစ် အရေးပါသော အခန်းကဏ္ဍက ပါဝင်နေသည်ဖြစ်၍ မိမိတို့ သက်ဆိုင်ရာ ဆေးဘက်ပညာရပ် နယ်ပယ်အလိုက် အစဉ်တိုးတက် အရည်အချင်းပြည့်ဝအောင် ကြိုးစားလုပ်ဆောင်သွားကြရန် လိုအပ်သလို သူနာပြုအမိဋ္ဌာန်ကတိသစ္စာ ၉ ချက်ကိုလည်း အလေးထားလိုက်နာစောင့်ထိန်းသွားကြရန်လိုကြောင်း။

နိုင်ငံတော် ကာကွယ်ရေး လုပ်ငန်း တာဝန်များကို ထမ်းဆောင်နေရသည့် တပ်မတော်သားများသည် ကျရာအခန်းကဏ္ဍများတွင် တာဝန်ကျေပွန်စွာ ထမ်းရွက်နိုင်ရန်အတွက် တပ်တွင်း၊ တပ်ပြင် စည်းလုံးညီညွတ်ရေး ပြည့်ဝခိုင်မာနေရန် အထူးလိုအပ်ကြောင်း၊ ယနေ့ အချိန်အခါတွင် တပ်တွင်းစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် ရည်ရွယ်ပြီး ပြည်တွင်း၊ ပြည်ပ အဖျက်သမားအင်အားစုများသည် နည်းလမ်းပေါင်းစုံနှင့် ထိုးနှက်တိုက်ခိုက်နေချိန်ဖြစ်၍ တပ်မတော်သားများအနေဖြင့် ကျောချင်းကပ်ရင်ချင်းအပ်သည့် စည်းလုံးညီညွတ်မှုရှိရေးသည် အသက်တမျှ အရေးကြီးကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များအားလုံး အကြားတွင် အသိတူ၊ အမြင်တူ၊ ယုံကြည်ချက်၊ ခံယူချက်များ တူမည်ဆိုပါက တပ်တွင်း စည်းလုံးညီညွတ်မှုသည် ထာဝရခိုင်မြဲနေမည်ဖြစ်ကြောင်း။

ထို့အပြင် ပြည်သူလူထု၏ အသက် အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တွင် ကူညီထောက်ပံ့ ပေးခြင်းများသည် တပ်ပြင်စည်းရုံးရေးကိုဆောင်ရွက်နေခြင်းဖြစ်သည်ကို နားလည်သဘောပေါက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့ တာဝန်ကျရာ နယ်မြေအသီးသီးကို ရောက်ရှိချိန်တွင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နယ်မြေလုံခြုံရေး လုပ်ငန်းစဉ်များ ဆောင်ရွက်သည့်အခါ မိမိတို့ တာဝန်ထမ်းဆောင်ရမည့် နယ်မြေအလိုက် ဒေသ၏ အခြေအနေ၊ ဒေသဆိုင်ရာ အချက်အလက်များကို အသေးစိတ်သိရှိထားရန်လိုအပ်ကြောင်း၊ နယ်မြေခံတပ်ဖွဲ့များနှင့် ဒေသခံများ တစ်သားတည်း ဖြစ်အောင် စည်းရုံးဆောင်ရွက်ပြီး အပြန်အလှန် ရိုင်းပင်းကူညီခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်သွားကြရန် အလေးထားမှာကြားလိုကြောင်း။

မိမိတို့ တပ်မတော်သည် စစ်စည်းကမ်းကိုအခြေခံပြီး အမိန့်နာခံတတ်မှုရှိအောင် လေ့ကျင့်ပေးထားသည့် ကျစ်လျစ်သိပ်သည်းစွာဖွဲ့စည်းထားသော တပ်မတော်တစ်ရပ်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်အတွက် အဓိကကျောရိုး မဏ္ဍိုင်ဖြစ်သကဲ့သို့ စစ်သည်တော်ဘဝကို ခံယူထားကြသူများဖြစ်၍ စစ်ဘက်ဥပဒေနှင့် စစ်စည်းကမ်းများကိုသာမက နယ်ဘက် ဥပဒေများကိုလည်း လေးစားလိုက်နာကြရမည် ဖြစ်ကြောင်း၊ စည်းစနစ်ရှိသည့် တပ်မတော် သားကောင်းများအဖြစ်သာမက သူနာပြုနှင့်ဆေးဘက်ပညာသည်များ ဖြစ်သည့်အတွက် ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်လာပါက သာမန်ထက်ပိုပြီး စောင့်ထိန်းကြရန်လိုအပ်ကြောင်း၊ ထို့အပြင် ဆေးရုံ၊ ဆေးတပ်ဖွဲ့များအပြင် စစ်မြေပြင်တွင် ခြေလျင်တပ်ဖွဲ့များနှင့်အတူ တိုက်ပွဲဝင်သွားရမည် ဖြစ်ခြင်းကြောင့် ရဲဘော်စိတ်ဆိုသည့် မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာထားရှိ မွေးမြူသွားကြရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ပြီး အရည်အချင်းပြည့်ဝသည့် စစ်သည်တော်ကောင်းတစ်ဦး ဖြစ်လာစေရန်အတွက် အရေးအကြီးဆုံးအချက်သည် စစ်ရေးစွမ်းရည်၊ အုပ်ချုပ်ရေး စွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်ဆိုသည့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေအောင် စစ်သည် တစ်ဦးချင်းစီက ဖြည့်ဆည်းလေ့ကျင့် နေရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စွမ်းရည်သုံးရပ်ထက်မြက်ပြီး အခြေခံအရည်အချင်းငါးပါးနှင့် ပြည့်စုံအောင် နေထိုင်ပြုမူကျင့်ကြံကာ နိုင်ငံတော်နှင့် တပ်မတော်က အားကိုးအားထား ပြုရသည့် သူနာပြုနှင့် ဆေးဘက်ပညာသည် စစ်သည်တော်ကောင်းများ ဖြစ်အောင် ကြိုးပမ်းသွားကြရန် အလေးထားမှာကြားလိုကြောင်း။

**“စေတနာ၊ အကြင်နာ၊ ဘေးကင်းကွာ”** ဆိုသည့် ဆောင်ပုဒ်ကို နှလုံးသွင်းပြီး သူနာပြုကောင်း တစ်ဦးတွင် ရှိရမည့် ကျင့်ဝတ်၊ စိတ်ဓာတ်နှင့် အရည်အချင်း ပြည့်ဝသူများဖြစ်အောင် ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ မိမိတို့ တတ်ကျွမ်းနားလည်ထားသည့် ဆေးဘက်ပညာရပ်ဆိုင်ရာ အခြေခံကောင်းများကို ကောင်းမွန်မှန်ကန်စွာ အသုံးချပြီး သုတေသနပြု ရှာဖွေထုတ်လုပ်ခြင်းဖြင့် ပြည်သူလူထုအတွက် တတ်စွမ်းနိုင်သည့်ဘက်ကနေ ကာကွယ်စောင့်ရှောက်မှု ဆောင်ရွက် ပေးသွားကြရန်၊ သူနာပြု တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်နိုင်မှုများကို လေးစားအားကျဂုဏ်ယူစိတ်နှင့် ကြိုးစားကြရမည်ဖြစ်သကဲ့သို့ သမိုင်းအစဉ်အလာကောင်းများကို ထိန်းသိမ်းပြီး အမိကျောင်းတော်ကြီး၏ ဂုဏ်ကို မြှင့်တင်ပေးနိုင်သည့် စစ်သည်တော်ကောင်းများအဖြစ် ပြုမူကျင့်ကြံနေထိုင်သွားကြရန်၊ သက်ဆိုင်ရာသူနာပြုနှင့်ဆေးဘက်ပညာရပ် နယ်ပယ်အလိုက် အစဉ်တိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားကြပြီး သူနာပြုအမိဋ္ဌာန်ကတိသစ္စာ ၉ ချက်ကိုလည်း အလေးထားလိုက်နာစောင့်ထိန်းသွားကြရန်၊ စည်းစနစ်ရှိသည့် တပ်မတော်သားကောင်းများအဖြစ်သာမက ရဲဘော်စိတ်ဆိုသည့်မေတ္တာတရား၊ သံယောဇဉ်တရားနှင့် သစ္စာစောင့်သိမှုတရားတို့ကို ကောင်းစွာမွေးမြူထားရှိပြီး နိုင်ငံတော်နှင့် တပ်မတော်က အားထားရသည့် သူနာပြုနှင့် ဆေးဘက်ပညာသည်ကောင်းများ ဖြစ်အောင် ကြိုးစားလုပ်ဆောင်သွားကြရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

### ဂုဏ်ပြုအမှာစကား ပြောကြား

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီမဟာသရေစည်သူ စိုးဝင်းသည် ကျောင်းဆင်း တပ်ခွဲများ၏ အလေးပြုခြင်းကို ခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။ စစ်ရေးပြအခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး သီရိပျံ့ချီ မဟာသရေစည်သူ စိုးဝင်းသည် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် သင်တန်းသူများအားတွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။

ညပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၂၂) နှင့် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၉) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး သင်တန်းဆင်းသူနာပြုများ၊ ညစာစားပွဲတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

### ကြည့်ရှုအားပေး

ညစာ သုံးဆောင်အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့် အဖွဲ့ဝင်များသည် တပ်မတော်သူနာပြုနှင့် ဆေးဘက် ပညာတက္ကသိုလ် ဂုဏ်ပြုစစ်တီးဝိုင်း၏ ဂုဏ်ပြုတီးမှုတ်မှုအား ကြည့်ရှုအားပေးပြီး ချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ကျောင်းဆင်း သူနာပြုများနှင့် အတူ သဘင်ဆောင်၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့၏ ဂုဏ်ပြုဖျော်ဖြေ တင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား သွားရောက်တွေ့ဆုံအမှာစကားပြောကြား၊ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအား တွေ့ဆုံအားပေး

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် ယနေ့မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ နယ်မြေခံ သင်တန်းကျောင်းရှိ ပြည်သူ့စစ်မှု ထမ်းသင်တန်းမှ သင်တန်းသား များအား သွားရောက်တွေ့ဆုံ အမှာစကား ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပုသိမ်မြို့ နယ်မြေခံသင်တန်းကျောင်းရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းမှ သင်တန်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

## နိုင်ငံတော်အပေါ်သစ္စာရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက အမှာစကားပြောကြားရာတွင်ပြည်သူ့စစ်မှုထမ်းဥပဒေသည် မြန်မာနိုင်ငံတစ်နိုင်ငံတွင်သာမက နိုင်ငံတကာတွင်လည်း ပြဋ္ဌာန်းကျင့်သုံးလျက်ရှိသည့် အခြေအနေများ၊ အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတိုင်းတွင် မိမိနိုင်ငံကို ကာကွယ်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည့် အခြေအနေများ၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး အဖွဲ့များအနေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားသည့်ဥပဒေသတ်မှတ်ချက်များနှင့်အညီ အကျုံးဝင်သူများကိုသာ စနစ်တကျရွေးချယ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သင်တန်းမှလေ့ကျင့်သင်ကြားပေးထားသည့် စစ်အတတ်ပညာများကို လက်တွေ့စစ်မြေပြင်တွင် ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်အခြေအနေများ၊ နိုင်ငံတော်အပေါ်သစ္စာရှိရန်၊ စိတ်ဓာတ်ကောင်းမွန်ရန်နှင့် ကျန်းမာကြံ့ခိုင်မှုရှိအောင် နေထိုင်သွားကြရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကား ပြောကြားရာတွင် စစ်သည်များသည် နိုင်ငံတော်အလံကို မိမိလက်ဖြင့် ကိုယ်တိုင်ထိတွေ့ပြီး သစ္စာ ၄ ချက်ကို ရွတ်ဆိုထားသည့် တပ်မတော်သားများ ဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာစောင့်သိရန်၊ မိမိရဲဘော်ရဲဘက်များအပေါ် သစ္စာစောင့်သိရန်၊ မိမိမိသားစုများအပေါ် သစ္စာစောင့်သိရန် လိုကြောင်း၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်းသည် ပေးအပ်သည့်တာဝန်များအပေါ် ကျေပွန်စွာ အောင်မြင်စွာထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ မိမိရဲဘော်များအပေါ် သစ္စာစောင့်သိခြင်းသည် ရဲဘော်စိတ်ဖြစ်သည့် ရဲဘော်အချင်းချင်းအပေါ်တွင် ထားရှိသည့် မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှု တရားပင်ဖြစ်ကြောင်း၊ မိသားစုအပေါ် သစ္စာစောင့်သိခြင်းမှာ မိမိကြောင့် မိမိ မိသားစုဂုဏ်သိက္ခာ မကျအောင်၊ မိမိကြောင့် ပြည်သူများ ဝန်ထုပ်ဝန်ပိုး မဖြစ်စေရန်နှင့် ပြည်သူများ ထိခိုက်နစ်နာမှုမရှိအောင် ပြုမူဆက်ဆံနေထိုင်ခြင်းပင် ဖြစ်ကြောင်း။

## အမြဲထိန်းသိမ်းစောင့်ရှောက်

တပ်မတော်သားအဖြစ် ခံယူထားပြီးဖြစ်သည့် သူများသည် နိုင်ငံတော်နှင့် တပ်မတော်တာဝန်များကို ၂၄ နာရီတာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတစ်ဦးချင်း ရရှိပိုင်ဆိုင်ထားသည့်ဂုဏ်သိက္ခာကို မကျဆင်းအောင်၊ မဆုံးရှုံးအောင် တပ်မတော်သားတစ်ဦး၏ ကျင့်ဝတ်စည်းကမ်းများကို အမြဲထိန်းသိမ်းစောင့်ရှောက်သွားရန်လိုကြောင်း။

တပ်မတော်သား တစ်ဦးဖြစ်သည်နှင့်အညီ ပေးအပ်လာသည့် တာဝန်များအပေါ် ကျေပွန်အောင် ထမ်းဆောင်သွားကြရန် လိုကြောင်း၊ ထို့ပြင် လေ့ကျင့်သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကိုလည်း အမြဲတမ်းလေ့ကျင့်ရမည်၊ အမြဲတမ်း စစ်ရေးသတိရှိရမည်၊ အမြဲတမ်း တိုက်ပွဲဝင်အသင့် ဖြစ်ရမည် ဆိုသည့် မြဲ(၃)မြဲနှင့်အညီ အမြဲမပြတ် လေ့လာလေ့ကျင့်လိုက်နာသွားကြရန်နှင့် ရဲရဲတက်၊ ရဲရဲတိုက်၊ ရဲရဲချေမှုန်းဆိုသည့် ရဲ(၃)ရဲအတိုင်း ရန်သူကို ချေမှုန်းတိုက်ခိုက်ရမည် ဖြစ်ကြောင်း၊ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၆) အထိ အောင်မြင်စွာ ဖွင့်လှစ်သင်ကြားလေ့ကျင့်ပေးခဲ့ပြီး သင်တန်းဆင်း နိုင်ငံ့သားကောင်းများအနေဖြင့် တာဝန်ကျရာ တပ်ရင်း/တပ်ဖွဲ့များတွင် တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်လျက်ရှိကြကြောင်း၊ အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းဆင်းများအနက်မှ အချို့တို့အတွင်း နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သည့် စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ ရရှိခဲ့ကြသည်ကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရှိရကြောင်း။

သင်တန်း ဆင်းပြီးနောက် သက်ဆိုင်ရာ တပ်ရင်း/တပ်ဖွဲ့ အသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာတွင်လည်း သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် စစ်အတတ်ပညာများကို လက်တွေ့အသုံးချသွားကြရန်နှင့် ဆောင်ရန်၊ ရှောင်ရန် အချက်များကိုလည်း လိုက်နာသွားကြရမည် ဖြစ်ကြောင်း၊ တာဝန်ပေးသည် ဖြစ်စေ၊ မပေးသည်ဖြစ်စေ သင်ကြားတတ်မြောက်ထားသည့် စစ်ပညာများကို အပြည့်အဝ အသုံးချသွားကြရန်လိုကြောင်း။

အလွှာပေါင်းစုံမှ ဝင်ရောက် တာဝန်ထမ်းဆောင်လာကြသူများ ဖြစ်သော်လည်း ယခုအခါ တူညီသော ယူနီဖောင်းကို ဝတ်ဆင်၍ သင်တန်းကျောင်းများအလိုက် အရောင်အသွေးတူ၊ အတွေးအမြင်၊ ယုံကြည်ချက်၊ ခံယူချက်တူညီအောင် လေ့ကျင့်ပေးလိုက်ပြီဖြစ်၍ တပ်မတော်သားဘဝကိုဂုဏ်ယူစွာဖြင့် ပေးအပ်လာသည့် မည်သည့်တာဝန်မျိုးကိုမဆို ကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံတော်နှင့် တပ်မတော်က ယုံကြည်အားကိုးရသည့် နိုင်ငံ့သားကောင်းရတနာများ၊ မိသားစုက လေးစားတန်ဖိုးထားရသည့်သူရဲကောင်းများအဖြစ် ကျင့်ကြံနေထိုင်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

## ရင်းရင်းနှီးနှီးနှုတ်ဆက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်သူ့စစ်မှုထမ်း သင်တန်းသားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် နယ်မြေခံ တပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား တစ်ဦးချင်း လိုက်လံကြည့်ရှု၍ ရောဂါဖြစ်ပွားမှု အခြေအနေများ၊ ဆေးဝါးကုသပေးထားမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်လာမှု အခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်းအားပေးစကား ပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည် ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည်ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) သည် တပ်နယ်အတွင်း မော်တော်ယာဉ်များဖြင့် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရဲမေ၊ မိသားစုဝင်များကို အိမ်ထောင်သည်လိုင်းခန်းများအလိုက် ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံ နှုတ်ဆက်အားပေးစကား ပြောကြားပြီး(**အောက်ပုံ**) စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခြင်းနှင့် မူကြိုကလေးငယ်များအတွက် အာဟာရဖြည့် ဖြည့်စွက်စာများ တိုက်ကျွေးနိုင်ရန် ချီးမြှင့်ငွေများ ပေးအပ်သည်။

အလားတူ ခရီးစဉ်တွင် လိုက်ပါလာသည့် ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့် တပ်မတော်အရာရှိကြီးများသည် သက်ဆိုင်ရာ ကွပ်ကဲမှုအလိုက် တပ်ရင်း/တပ်ဖွဲ့များသို့ လိုက်လံကြည့်ရှုစစ်ဆေးပြီး မိသားစုဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲများ ကျင်းပ



နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အမှတ်(၂) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲတွင် သင်တန်းဆင်းတပ်ခွဲကို အားပေးစကားပြောကြားစဉ်။



တပ်မတော်(ကြည်း)အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆/၂၀၂၄) သင်တန်းဆင်းပွဲ လေ့ကျင့်ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံ။



တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၆/၂၀၂၄)သင်တန်းဆင်းပွဲ အခမ်းအနားကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၂၇

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန် တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်း သင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆) သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာ ခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့ တက်ရောက်ကြသောနေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်း ခန်းမများ၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၁ ရက်တွင် စတင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်များကို စာတွေ့၊ လက်တွေ့ စနစ်တကျသင်ကြားလေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေး ဘာသာရပ်နှင့် အထွေထွေ ဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်း သင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်းနိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိခဲ့ပြီး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ အဖွဲ့အစည်းစိတ်၊ ရဲဘော်ရဲဘက်စိတ် အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည် ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့်အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန် ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါတယ်။

၁။ ကျွန်တော်ရရှိတဲ့ဆုကတော့ မိုင်းအကျွမ်းကျင်ဆုံးဆု ရရှိခဲ့ပါတယ်။ သင်တန်းကာလတစ်လျှောက်လုံးမှာ သင်တန်းနည်းပြတွေရဲ့ သင်ကြားတဲ့အတိုင်း လိုက်နာ လေ့ကျင့်ခဲ့တဲ့အတွက် ရခဲ့တာဖြစ်ပါတယ်။ မိုင်းအကျွမ်းကျင်ဆုံးဆုအတွက် စာတွေ့လည်း လေ့ကျင့်ရသလို လက်တွေ့လည်း လေ့ကျင့်ရပါတယ်။ ဒီလို သေသေချာချာ လေ့ကျင့်လိုက်နာခဲ့တဲ့အတွက် ဒီမိုင်းအကျွမ်းကျင်ဆုံးဆုကို ရရှိခဲ့တာဖြစ်ပါတယ်။

၂။ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် ၆/၂၀၂၄ မှာ ကျွန်တော်ရရှိခဲ့တဲ့ ဆုအမျိုးအစားကတော့ စံပြတပ်သားဆု ဖြစ်ပါတယ်။ အခုလို ဆုရရှိခဲ့အောင်လို့ ကျွန်တော် ကြိုးစားခဲ့ရတာတွေကတော့ အများကြီးပါ။ ဆရာသမားတွေရဲ့ သင်ကြားပေးတဲ့ အတတ်ပညာတွေအကုန်လုံးကို ကျွန်တော် ဆည်းပူးသင်ယူတယ်။ ကျွန်တော် အားနေတဲ့ အချိန်မှာလည်း လေ့လာပါတယ်။ မှတ်သားပါတယ်။ ဆရာတွေရဲ့စကားကိုလည်း ကျွန်တော် တစ်သဝေမတိမ်း နားထောင်ပါတယ်။ ကျွန်တော် မနက်ဆိုလည်း အစောဆုံးထပြီးတော့ ကစ်တွေဘာတွေလည်း အကောင်းဆုံးခေါက်တယ်။ အဲဒီ







အတွက်လည်း ကျွန်တော် စံပြတပ်သားဆုကိုရခဲ့တယ်လို့ထင်ပါတယ်။ အရပ်သားဘဝနဲ့ စစ်မှုထမ်းဘဝရဲ့ ကွာခြားချက်ကတော့ အများကြီးပါပဲ။ အရင်ကဆို ကျွန်တော် အချိန်လည်း မလေးစားတတ်ပါဘူး။ စည်းကမ်းလည်း မကောင်းခဲ့ပါဘူး။ အခု ဒီရောက်လာတဲ့အချိန်မှာ ဆရာတွေရဲ့ သွန်သင်ဆုံးမမှုနဲ့ ဗိုလ်ကြီးများရဲ့ သွန်သင်ဆုံးမှုအောက်မှာ ကျွန်တော်အချိန်ကိုလည်း လေးစားတတ်လာသလို စည်းကမ်းလည်း အရမ်း ကောင်းမွန်လာတယ်လို့ ကျွန်တော့်ကိုယ်ကျွန်တော် ထင်မြင်မိပါတယ်။ ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ခဲ့ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့နိုင်ငံအပေါ် ကျရောက်လာမည့် ဘေးအန္တရာယ်တွေကို ကာကွယ်ချင်တဲ့စိတ် ရှိလို့ပါ။ နိုင်ငံတော်တာဝန်တွေကို ပြည်သူ့တစ်ယောက်အနေနဲ့ ထမ်းဆောင်ရတဲ့အတွက် အရမ်းဝမ်းသာမိပါတယ်။ ကျွန်တော့်နိုင်ငံအပေါ်ကို ကျွန်တော့်အသက်နဲ့ရင်းပြီး ကာကွယ်ပါ့မယ်လို့ ကျွန်တော် ခံယူချက်ထားပါတယ်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၆)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်း ဂုဏ်ပြု ညစာစားပွဲများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေ အမှတ် (၅၇) ရေတပ်လေ့ကျင့်ရေးတပ်တွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်(၆/၂၀၂၄)သင်တန်းဆင်းပွဲ ကျင်းပစဉ်။



အမှတ်(၅)တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်း ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၆/၂၀၂၄) သင်တန်းဆင်းစစ်ရေးပြ အခမ်းအနားကျင်းပစဉ်။

# ပြည်သူ့စစ်မှုထမ်း သင်တန်း အမှတ်စဉ်(၆) သင်တန်းဆင်းပွဲ မြင်ကွင်းပုံရိပ်များ













# စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်အမှတ်၊ ၅၆ / ၂၀၂၄ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် ဝန်ကြီးချုပ်များနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မှ တာဝန်ရှိသူများက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ညိုစောက စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင်ကို မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်၊ စားရေရိက္ခာဖူလုံရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်စေရန်၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဖြင့် ပြည်တွင်းဖူလုံပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့နိုင်ရေးနှင့် ဈေးကွက်ဝေစုရရှိရေးကို ဖော်ဆောင်ရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေသော ရေရှည်တည်တံ့သည့် စိုက်ပျိုးမွေးမြူရေးစနစ်များကို ဖော်ဆောင်ရန်၊ လယ်ယာကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများတွင် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရန် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းခဲ့ပြီး ကော်မရှင်၏ ရည်ရွယ်ချက်ကောင်းများကိုအခြေခံပြီး လုပ်ငန်းတာဝန်များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကော်မရှင်အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော မူဝါဒများချမှတ်ခြင်း၊ လယ်ယာသားငါး ထုတ်ကုန်များ ထုတ်လုပ်မှုမြှင့်တင်၍ ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် လိုအပ်သောမူဝါဒများ ချမှတ်ခြင်း၊ လယ်ယာကဏ္ဍနှင့် ဆက်စပ်လုပ်ငန်းများတွင် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် ဆွဲဆောင်နိုင်သည့် မူဝါဒများချမှတ်ခြင်း၊ လယ်ယာစီးပွား (Agri-business) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အဘက်ဘက်မှ ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ တိုင်းပြည်၏ စီးပွားရေးလည်း မြင့်မားတိုးတက်လာမည်ဖြစ်ပါကြောင်း၊ နှစ်စဉ်တိုးတက်လာသည့် နိုင်ငံ့လူဦးရေ၏ စားဝတ်နေရေးအတွက် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ကြရမည်ဖြစ်ပါကြောင်း။

သီးနှံများ အထွက်နှုန်းကောင်းမွန်ရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်း ကောင်းမွန်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း Agro Base Industry နိုင်ငံဖြစ်အောင် စိုက်ပျိုးရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးကိုလည်း သုတေသနလုပ်ငန်းများ အကြိမ်ကြိမ် ဆောင်ရွက်ပြီးလည်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် နွေစပါးဧက သုံးသန်းခန့်၊ မိုးစပါးဧက ၁၅ သန်းခန့် စုစုပေါင်း စပါးစိုက်ဧက ၁၈ သန်းခန့်ရှိကာ သီးထပ်စွမ်းအားတိုးတက်အောင် ထပ်မံဆောင်ရွက်နိုင်မည်ဆိုပါက တစ်နှစ်လျှင် ဧကသန်း ၃၀ ကျော်ခန့် စိုက်ပျိုးနိုင်မည်ဖြစ်ပါကြောင်း၊ စပါးထွက်ရှိမှု ၂၀၀ ရာခိုင်နှုန်းဖြစ်၍ နိုင်ငံတော်အတွက် ဆန်စပါးဖူလုံရေးနှင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးအတွက် တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍအနေဖြင့် နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြစ်သော အဓိကသီးနှံများ ပန်းတိုင်အထွက်ရရှိရေး၊ သီးထပ်စွမ်းအား တိုးတက်စေရေး၊ ကိန်းဂဏန်း အချက်အလက်များ မှန်ကန်စေရေးတို့အတွက် အထူးအလေးထား ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊

မွေးမြူရေးကဏ္ဍ အနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ ငါး၊ နို့စားနွား၊ အသားစားနွားများ တိုးချဲ့မွေးမြူရေးအတွက် လိုအပ်သော နည်းပညာ၊ မျိုး၊ တိရစ္ဆာန်အစာနှင့် သားပေါက် ထုတ်လုပ်ခြင်းတို့ကိုလည်း ပြည်တွင်း၌ လုံလောက်အောင် ဆောင်ရွက်နိုင်ရမည်ဖြစ်ပါကြောင်း၊ သမားရိုးကျ မွေးမြူခြင်းမှ လှောင်မွေးစနစ်၊ ရိတ်ကျွေးစနစ်အထိ ပြောင်းလဲဆောင်ရွက်နိုင်ရန် လက်ရှိ ဖော်ထုတ်ပြီးသည့် မွေးမြူရေးဇုန်များကို စနစ်တကျ အဆင့်မြှင့်တင်ခြင်းနှင့် မွေးမြူရေးဇုန်အသစ်များထပ်မံဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေးကိုလည်း သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပေးသော အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်မှု (MSMEs) များအတွက် အဓိကအခြေခံလျှပ်စစ်မီးရရှိရေး၊ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်အသုံးပြုနိုင်ရေးကိုလည်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ တိုးတက်လျက်ရှိသည့် စက်မှုနိုင်ငံကြီးများ၌ပင် MSMEs များမှ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ MSMEs လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကနှင့် ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်ခြင်းများ မြှင့်တင်သွားနိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကို တိုက်တွန်းပြောကြားလိုကြောင်း။

တိုးတက်ထုတ်လုပ်လိုက်သည့် သီးနှံသားငါးများ ဈေးကွက်ရရှိရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့က ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ အနေဖြင့် ကန်ထရိုက် လယ်ယာစနစ်ကို ဆောင်ရွက်ခြင်းအားဖြင့် တောင်သူများအတွက် လိုအပ်သော အရင်းအနှီးဈေးကွက်များကို တစ်ပါတည်း ရရှိစေမည်ဖြစ်၍ အောင်မြင်အောင် တိုးချဲ့ အကောင်အထည်ဖော်ရန် လိုအပ်ပါကြောင်း။

ကော်မရှင်အဖွဲ့ဝင်များ အနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြု ကွင်းဆက်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားပြီး အပြန်အလှန်အထောက်အကူပြုဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ အလားတူ လုပ်ငန်းအမြန်တိုးတက်အကောင်အထည်ဖော်နိုင်ရန် လိုအပ်သည့် အကြံဉာဏ်ကောင်းများ၊ နည်းလမ်းကောင်းများကို အကြံပြုပေးကြရန်နှင့် သင့်တော်ကောင်းမွန်သည့် နည်းလမ်းနှင့် စနစ်များကို လက်တွေ့ အကောင်အထည်ဖော်နိုင်ရန် ဦးတည်ဆောင်ရွက်နိုင်ရေးအတွက် ယခုအစည်းအဝေးတွင် ညှိနှိုင်းပေါင်းစပ် ဆုံးဖြတ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ ကော်မရှင် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ကော်မရှင်၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များနှင့် ထပ်မံဖွဲ့စည်းရမည့် ကော်မတီများနှင့်ပတ်သက်၍ အကြံပြုတင်ပြရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေးကော်မရှင် အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လှိုင်ကော်မြို့နယ်အတွင်းရှိ ထိခိုက်လွယ်အုပ်စုဝင်များအား တတိယအကြိမ်မြောက် ချီးမြှင့်ငွေများပေးအပ်

လှိုင်ကော် ဒီဇင်ဘာ ၂၇

ကယားပြည်နယ် လှိုင်ကော်မြို့နယ်အတွင်းရှိထိခိုက်လွယ်အုပ်စုဝင်များအား တတိယအကြိမ်မြောက် ချီးမြှင့်ငွေများ ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လှိုင်ကော်မူလတန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ ကယားပြည်နယ် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အမှာစကားပြောကြားပြီး ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် ကော်မတီဝင်များက ထိခိုက်လွယ်အုပ်စုဝင်များအား ချီးမြှင့်ငွေများ ပေးအပ်ကြသည်။



အခမ်းအနားတွင် ထိခိုက်လွယ်အုပ်စုဝင်များဖြစ်ကြသည့် အသက်(၃)နှစ်အောက်ကလေး ၁၅၃ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦး၊ အသက် ၇၅ နှစ်နှင့်အထက် သက်ကြီးပုဂ္ဂိုလ် ၁၁၁ ဦး စုစုပေါင်း ၂၈၅ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စုစုပေါင်း ချီးမြှင့်ငွေကျပ် ၈၅ သိန်း ငါးသောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုဇင်(ပြန်/ဆက်)

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်အသစ် လဲလှယ်ရန် အသိပေးကြေညာခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

၂။ အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့် ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်းပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ်အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့်မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၈၆၀၄၇၅၀၊ ၀၁-၈၆၀၄၇၅၁၊ ၀၁-၅၄၄၅၈၃ ၊ iprd.crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန

## အများအားဖြင့် သာယာမည်

နေပြည်တော် ဒီဇင်ဘာ ၂၇ - မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မိုး/ဇလ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် သာယာဝတီခရိုင်အတွင်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုအားပေး

ပဲခူး ဒီဇင်ဘာ ၂၇

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာယာဝတီခရိုင်အတွင်း အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုအားပေးသည်။ (ယာပုံ)



ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် လက်ပံတန်း-မိုးညို ကားလမ်းတစ်လျှောက်လမ်းဘေးဝဲယာရှိ အောင်မြင်ဖြစ်ထွန်းနေသော မတ်ပဲခင်းရိတ်သိမ်းနေမှုများကို ကွင်းဆင်းကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ လက်ပံတန်းမြို့နယ် ဇောဓိပင်ကျေးရွာအုပ်စု ချောင်းဆုံကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ ရင်းရင်းနှီးနှီး နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒေသခံတောင်သူများက တိုင်းအစိုးရအဖွဲ့၏ မျိုးကောင်းမျိုးသန့် ပြောင်းလဲပေးမှုကြောင့် မတ်ပဲပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိမှုနှင့် သီးခြားလိုအပ်ချက်များကို တင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးထပ်စွမ်းအား တိုးတက်စေရေးအတွက် စိုက်ပျိုးရေရရှိရေးနှင့် သီးခြားလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သွင်းအားစုများ ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် လက်ပံတန်းမြို့နယ် အုန်းကုန်းကျေးရွာထိပ်၌ ရေဝတီမြစ်ရေတိုက်စားမှုကြောင့် မူလရေကာတာဟောင်း ပေ ၁၅၀ ခန့် ပြိုကျပျက်စီးခဲ့မှုနှင့် ယာယီထိန်းသိမ်းဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး အုန်းကုန်းကျေးရွာ သရက်တောဘုန်းတော်ကြီးကျောင်း ဦးစီးပဓာနနာယက ဆရာတော်အား သွားရောက်ဖူးမြော်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် အညာတန်းကျေးရွာ၌ ဂမုန်းချောင်းပေါ်တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရေဒလက်(Water Wheel) တပ်ဆင်၍ ရေပေးဝေထားရှိမှုကြောင့် အောင်မြင် ဖြစ်ထွန်းနေသော ဟင်းသီးဟင်းရွက် ၅၆ ဧက စိုက်ခင်းကို ကွင်းဆင်းကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သွင်းအားစုများ ချီးမြှင့်ပေးအပ်ကာ ဟင်းသီးဟင်းရွက်စိုက်ခင်းကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးသရုပ်ပြစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၂၇

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(ပုဂ္ဂလိက)ဖြင့် ဆောင်ရွက်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သန့်ရှင်းသော သောက်သုံးရေရရှိရေးသရုပ်ပြစီမံကိန်း ပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အောင်သာကျေးရွာ၌ ကျင်းပသည်။




အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေး သံမှူး Mr. Ouyang Daobing နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စီမံကိန်းတွင် ပေ ၅၀၀ အနက်တွင်ရှိသည့် မြေအောက်ရေကိုရယူပြီး ရေစစ်ကန်အတွင်း ဖြတ်သန်းသန့်စင်ကာ အမြင့်တင်ရေစင်ဖြင့် ကျေးရွာအတွင်း သန့်ရှင်းသော သောက်သုံးရေ ဖြန့်ဖြူးသည့်စနစ်ကို တည်ဆောက်ထားခြင်းကြောင့် ကျေးရွာရှိ အိမ်ခြေ ၄၃၀၊ လူဦးရေ ၁၈၇၂ ဦးနှင့် ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းများကို အကျိုးပြုပေးနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာရေရရှိရေးလုပ်ငန်း ပုံမှန်လည်ပတ်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးတို့ကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ လိုအပ်သည့် အစီအမံများ၊ ရန်ပုံငွေကောက်ခံရေးအစီအမံများကို ရေးဆွဲဆောင်ရွက်ကြရန် ထပ်လောင်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Ouyang Daobing က တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်း စီမံကိန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက နေပြည်တော် ကောင်စီနယ်မြေအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် SPIC (Myanmar) Zero Carbon Energy ကုမ္ပဏီမှ ဥက္ကဋ္ဌက စီမံကိန်းဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး ကျေးရွာကိုယ်စားလှယ်ထံ စီမံကိန်းဆိုင်ရာ အချက်အလက်များ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်၊ နေပြည်တော် ကောင်စီဝင်၊ SPIC (Myanmar) Zero Carbon Energy ကုမ္ပဏီမှ ဥက္ကဋ္ဌတို့က စီမံကိန်းဖြင့် ဆောင်ရွက်ခဲ့သည့် အမြင့်တင်ရေစင်၊ ရေသန့်စက်ရုံတို့ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ကိုယ်စားလှယ်တို့က ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ကာ အမွှေးနံ့သာရည်များပက်ဖျန်းပြီး စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့သင်တန်း အမှတ်စဉ် (၂၂) နှင့် အမျိုးသမီးသူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၉)တို့မှ သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၂၇

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် သူနာပြုနှင့် ဆေးဘက်ပညာသိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ်(၂၂)နှင့် အမျိုးသမီး သူနာပြုနှင့် ဆေးဘက်ပညာ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၉) တို့မှ သင်တန်းဆင်းသင်တန်းသား သင်တန်းသူများအား ဆေးဝန်ထမ်းတာဝန်ခန့်အပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဝင်းဗိုလ်နှင့် ကျောင်းဆင်း သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနား အစီအစဉ်အရ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦး၊ တပ်မတော်အရာရှိကြီးများနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ် ကျောင်းအုပ်ကြီးတို့သည် စင်မြင့်ထက်တွင် နေရာယူကြပြီးနောက် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက ကျောင်းဆင်း သင်တန်းသား သင်တန်းသူ တစ်ဦးချင်းစီအား ဆေးဝန်ထမ်းတာဝန် ခန့်အပ်လွှာများ ပေးအပ်သည်။

ဆေးဝန်ထမ်း တာဝန်ခန့်အပ်လွှာများ ပေးအပ်ပြီးနောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးက အမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံတကာ အားကစား သတင်းများ

## အန်ကွန်ကူ အသင်းတွင် ဆက်ရှိသွားမည်ဟု နည်းပြ မာရက်စ်ကာ ပြောကြား



**လန်ဒန် ဒီဇင်ဘာ ၂၇**

ကွင်းလယ်တိုက်စစ်မှူး အန်ကွန်ကူ အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ချဲလ်ဆီး အသင်းနည်းပြ မာရက်စ်ကာက ထုတ်ဖော်ပြောကြားခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများက စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား အန်ကွန်ကူသည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၉ပွဲကစားပြီး ၁၅ဂိုး သွင်းယူထားသည်။

နည်းပြ မာရက်စ်ကာက "အန်ကွန်ကူ အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူ့အနေနဲ့ အသင်းကို ပိုမိုတိုးတက်ကောင်းမွန်အောင် စွမ်းဆောင်နိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်"ဟု ပြောသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## ဂျိုနသန်တားစ်အား ခေါ်ယူရန် ဘာစီလိုနာအသင်း စီစဉ်

**ဘာစီလိုနာ ဒီဇင်ဘာ ၂၇**

ဘာစီလိုနာအသင်းသည် လေဗာကူဆင်အသင်း နောက်ခံကစားသမား ဂျိုနသန်တားစ်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၈)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် လေဗာကူဆင်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၇၈ ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



လေဗာကူဆင်အသင်းကလည်း ဂျိုနသန်တားစ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကို မဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘာစီလိုနာအသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် လေဗာကူဆင်အသင်းထံမှ ဂျိုနသန်တားစ်အား ရရှိအောင် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ) (NGB)**

## ပစ်ဖို့ဒ်အား စာချုပ်သက်တမ်းတိုးရန် အဲဗာတန်အသင်းစီစဉ်

**လန်ဒန် ဒီဇင်ဘာ ၂၇**

အဲဗာတန်အသင်းသည် အသင်းဂိုးသမား ပစ်ဖို့ဒ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိသည်။

အဆိုပါ ဂိုးသမား၏ လက်ရှိ စာချုပ်သက်တမ်းသည် ၂၀၂၇ခုနှစ်အထိ ကျန်ရှိနေသေးသော်လည်း ၎င်းအား ဥရောပကလပ်အသင်းများက ခေါ်ယူရန် စိတ်ဝင်စားနေခြင်းကြောင့် အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

ဂိုးသမား ပစ်ဖို့ဒ်သည် အဲဗာတန်အသင်းနှင့်အတူ ၂၀၁၇-၂၀၁၈မှ ၂၀၂၄-၂၀၂၅ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၉၇ပွဲ ကစားပြီး အကောင်းဆုံးလက်စွမ်းပြထားသည်။

အဲဗာတန်အသင်းထုတ်ပြန်ချက်တွင် "ဂိုးသမား ပစ်ဖို့ဒ်အား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူကိုယ်တိုင်ကလည်း အသင်းမှာ ပျော်ရွှင်နေပါတယ်"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)**

**(NGB)**



## နည်းပြ ဂျာအိုပယ်ရေရားအား နည်းပြရာထူးမှ စပို့တင်းလစ္စဘွန်းအသင်းထုတ်ပယ်

**လန်ဒန် ဒီဇင်ဘာ ၂၇**

စပို့တင်းလစ္စဘွန်းအသင်းသည် အသင်းနည်းပြ ဂျာအိုပယ်ရေရားအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နည်းပြ ဂျာအိုပယ်ရေရားသည် စပို့တင်းလစ္စဘွန်းအသင်းအား ပြိုင်ပွဲစုံ ၈ပွဲကိုင်တွယ်ပြီး ၃ပွဲနိုင်၊ ၁ပွဲသရေ၊ ၄ပွဲရှုံးရလဒ်ပိုင်ဆိုင်ပြီး ရလဒ်များ ဆိုးရွားခဲ့ခြင်းကြောင့် နည်းပြရာထူးမှ ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

စပို့တင်းလစ္စဘွန်းအသင်း ထုတ်ပြန်ချက်တွင် "ဂျာအိုပယ်ရေရားအား နည်းပြရာထူးမှ ထုတ်ပယ်လိုက်ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦး အမြန်ဆုံးရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။ **(အောက်ပုံ)**

**(NGB)**



## အဖွင့်ပွဲ ၁၀ပွဲတွင် ၅ပွဲအထိ ရှုံးနိမ့်ထားသည့် ပထမဆုံးသော မန်ချက်စတာယူနိုက်တက်နည်းပြအဖြစ် အာမိုရင်မှတ်တမ်းဝင်



**လန်ဒန် ဒီဇင်ဘာ ၂၇**

မန်ချက်စတာယူနိုက်တက် အသင်းနည်းပြ အာမိုရင်သည် ၁၉၃၂ခုနှစ် နောက်ပိုင်း အသင်းနည်းပြများထဲတွင် အသင်းအား ပထမဆုံးကိုင်တွယ်သည့် အဖွင့်ပွဲစဉ် ၁၀ပွဲ၌ ၅ပွဲအထိ ရှုံးနိမ့်ထားသည့် ပထမဆုံးသော နည်းပြအဖြစ် စံချိန်မှတ်တမ်းဆိုးတစ်ရပ် ပိုင်ဆိုင်ခဲ့သည်။

အဆိုပါ နည်းပြသည် မန်ချက်စတာယူနိုက်တက်အသင်းက ဝုဖ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်အား ကိုင်တွယ်ပြီး ယခုလို မှတ်တမ်းဆိုးတစ်ရပ်ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် မန်ချက်စတာယူနိုက်တက်အသင်း ပရိသတ်များကလည်း နည်းပြ အာမိုရင်အား ရာထူးမှ ထုတ်ပယ်ပေးရန် တောင်းဆိုမှုများပြုလုပ်ခဲ့ကြသည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ် ၁၈ပွဲကစားအပြီးတွင် ရမှတ် ၂၂မှတ်ဖြင့် အဆင့် ၁၄နေရာတွင် ရပ်တည်ပြီး ရလဒ်များ အလွန်ဆိုးရွားလျက်ရှိသည်။ **(အပေါ်ဝဲပုံ)**

**(NGB)**

## 2025 Australian Open တင်းနစ်ပြိုင်ပွဲ ဇန်နဝါရီ ၆ ရက်တွင် စတင်မည်

**လန်ဒန် ဒီဇင်ဘာ ၂၇**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား၊ အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Australian Open တင်းနစ်ပြိုင်ပွဲ လာမည့် ၂၀၂၅ခုနှစ် ဇန်နဝါရီ ၆ရက်တွင် စတင်သွားမည်ဖြစ်သည်။ **(အပေါ်ယာပုံ)**

အဆိုပါ 2025 Australian Open တင်းနစ်ပြိုင်ပွဲကို ဇန်နဝါရီ ၆ရက်မှ ဇန်နဝါရီ ၂၁ ရက်အထိ ၁၆ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2025 Australian Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမား၊ တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

Australian Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အီတလီတင်းနစ်ကစားသမား Jannik Sinner နှင့် ဘီလာရုတင်းနစ်မယ် Aryna Sabalenka ဖြစ်သည်။ **(NGB)**



## ဆောင်းရာသီဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ခေါ်ယူသွားမည်ဟု ပိုစတီကိုဂလူးပြောကြား

**လန်ဒန် ဒီဇင်ဘာ ၂၇**

စပါးအသင်းနည်းပြ ပိုစတီကိုဂလူးက မိမိတို့အသင်းအနေဖြင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် ကစားသမားသစ်များ ခေါ်ယူအားဖြည့်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စပါးအသင်းသည် လက်ရှိအချိန်တွင် အသင်းမှ ဒဏ်ရာရကစားသမားများစွာရှိနေခြင်းကြောင့် လာမည့် ဆောင်းရာသီဈေးကွက်အတွင်းတွင် တိုင်လီမန်း၊ နီကိုလာစသည့် ကစားသမားများအပြင် အခြားကစားသမားများစွာကိုလည်း ခေါ်ယူအားဖြည့်သွားမည်ဖြစ်သည်။

စပါးအသင်းနည်းပြ ပိုစတီကိုဂလူးက "အသင်းအနေနဲ့ လာမည့် ဆောင်းရာသီဈေးကွက်အတွင်း ကစားသမားသစ်တွေ ခေါ်ယူအားဖြည့်သွားမှာပါ။ ကျွန်တော်အနေနဲ့လည်း စပါးအသင်းကို အောင်မြင်မှုတွေ များစွာ ဆွတ်ခူးနိုင်အောင်လည်း အစွမ်းကုန်ကြိုးစားပေးသွားမှာပါ။ ကျွန်တော်ကို ယုံကြည်ပေးတဲ့ အသင်းတာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပွဲစဉ် ၁၈ပွဲကစားအပြီးတွင် ရမှတ် ၂၃မှတ်ဖြင့် အဆင့် (၁၁)နေရာတွင် ရပ်တည်ခဲ့သည်။

**(အောက်ပုံ) (NGB)**



## အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၈)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ ပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၂၈-၁၂-၂၀၂၄ | (၁၁)အမ်ပိုလီ - ဂျီနိုအာ(၁၃) | အမ်ပိုလီ ၀-၀ ဂျီနိုအာ | အမ်ပိုလီ(အိမ်) | ၈ | ၁ | ၄ | ၃ | ၂ | ၆ |
| ည ၈:၃၀ နာရီ | (D,L,W,L,L) (D,W,D,D,L) | ဂျီနိုအာ ၁-၁ အမ်ပိုလီ | ဂျီနိုအာ(ဧည့်) | ၇ | ၃ | ၁ | ၃ | ၅ | ၁၀ |
| " | (၁၅)ပါးမား - မွန်ဇာ(၂၀) | ပါးမား ၀-၀ မွန်ဇာ | ပါးမား(အိမ်) | ၉ | ၂ | ၂ | ၅ | ၁၄ | ၁၇ |
| | (L,W,L,L,L) (D,D,L,L,L) | မွန်ဇာ ၁-၁ ပါးမား | မွန်ဇာ(ဧည့်) | ၈ | ၁ | ၄ | ၃ | ၈ | ၁၀ |
| ၂၈-၁၂-၂၀၂၄ | (၁၈)ကယ်ဂလီယာရီ - အင်တာမီလန်(၃) | ကယ်ဂလီယာရီ ၀-၂ အင်တာမီလန် | ကယ်ဂလီယာရီ(အိမ်) | ၉ | ၂ | ၃ | ၄ | ၈ | ၁၅ |
| ည ၁၁:၃၀ နာရီ | (D,W,L,L,L) (D,W,W,W,W) | အင်တာမီလန် ၂-၂ ကယ်ဂလီယာရီ | အင်တာမီလန်(ဧည့်) | ၇ | ၅ | ၂ | - | ၂၁ | ၅ |
| ၂၉-၁၂-၂၀၂၄ | (၄)လာဇီယို - အတ္တလန်တာ(၁) | လာဇီယို ၃-၂ အတ္တလန်တာ | လာဇီယို(အိမ်) | ၈ | ၆ | ၁ | ၁ | ၁၇ | ၁၂ |
| နံနက် ၀၂:၄၅ နာရီ | (W,L,W,L,W) (W,W,W,W,W) | အတ္တလန်တာ ၃-၁ လာဇီယို | အတ္တလန်တာ(ဧည့်) | ၉ | ၆ | ၁ | ၂ | ၁၇ | ၈ |

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် တံတားဦးခရိုင်အတွင်းရှိ မျိုးဝက်မွေးမြူရေးလုပ်ငန်း၊ ရမည်းသင်းခရိုင်အတွင်း ကွန်ကရစ်လမ်းခင်းမည့်နေရာနှင့် တောင်သူများ ပါဝင်သော ဆင်းရွှေကြာ-၂ မျိုးသန့်ရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲသို့ ကွင်းဆင်းကြည့်ရှု





**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများလိုက်ပါပြီး ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက တံတားဦးခရိုင် တံတားဦးမြို့နယ် လက်ဦးကုန်းရွာရှိ မြတ်မင်းမွေးမြူရေးကုမ္ပဏီ၏ မျိုးဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့အား ခြံတာဝန်ခံ ဒေါက်တာ မျိုးမင်းထက်က မျိုးဝက်မွေးမြူရေးခြံတွင် လက်ရှိ DYL မျိုးဝက်မွေးမြူရေး ဆောင်ရွက်နေမှု၊ လက်ရှိ ဝက်မကြီးအကောင်ရေ ၆၀၀၀၊ ဝက်သိုးအကောင်ရေ ၁၀၁ ကောင်၊ ၂၃ ရက်သား ဝက်သားပေါက် အကောင်ရေ ၁၀၀၀ ကျော်ခန့် မွေးမြူထားမှု၊ မေထုန်မဲ့သားစပ်ခြင်းဖြင့် တစ်နှစ်ဝက်သားပေါက် အကောင်ရေ ၁၈၀၀၀၀ ခန့်သားဖောက်သွားရန် လျာထားဆောင်ရွက်ထားမှု၊ ဝက်သားပေါက်များ ဈေးကွက်အတွင်း ဖြန့်ချိမှုနှင့်ကြုံတွေ့နေရသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ယနေ့နံနက်ပိုင်း၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးရာဝန်ကြီး ဦးအောင်ဇော်ဦးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ရမည်းသင်းခရိုင်စံပြ-သိမ်ကုန်းရွာရှိလမ်းဦးစီးဌာန၏ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမျိုးလွင်အောင်က ရမည်းသင်းခရိုင်အတွင်းရှိ လမ်းများမှ ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်လမ်းများအား ပြင်ဆင်ထားရှိမှု၊ ပြီးစီးမှု အခြေအနေနှင့် ယာယီရေနုတ်မြောင်းတူးဖော်ထားရှိမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ရမည်းသင်း-ရွှေမြင်တင်လမ်းပေါ်ရှိ ရေကျော်သည့်အပိုင်း မိုင်တိုင်အမှတ်-၃/၁ မှ ၃/၆ အထိ (၅ဖာလုံ)ကွန်ကရစ်လမ်း ၁၈ ပေ အကျယ်ခင်းရန် လျာထားသည့် နေရာအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှုမရှိစေရေး၊ စံချိန်စံညွှန်းများနှင့်အညီဖြစ်စေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် သင်ပန်းအုပ်စုရှိ တောင်သူများပါဝင်သော ဆင်းရွှေကြာ-၂ မျိုးသန့်ရွေးချယ်ခြင်း ကွင်းသရုပ်ပြပွဲသို့ ရောက်ရှိပြီး တောင်သူများအားတွေ့ဆုံ၍ တောင်သူများ၏ လိုအပ်ချက်များအပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စိုက်ခင်းအတွင်း ကြည့်ရှုခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ







## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဝန်ထမ်းဟောင်းများအသင်းမှ အငြိမ်းစားအရာရှိများအား ဂါရဝပြုကန်တော့

**မန္တလေး ဒီဇင်ဘာ ၂၇**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဝန်ထမ်းဟောင်းများအသင်းမှ အငြိမ်းစားမီးသတ်အရာရှိငါးဦးအား ဂါရဝပြုကန်တော့ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ၈၁လမ်းနှင့် ၂၉လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန၊ ဗဟိုမီးသတ်စခန်း၊ အစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် ဇနီးဒေါ်သစ်သစ်လှိုင်၊ ဒုတိယတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူးလက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ကိုကိုနှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ မိသားစုဝင်များ တက်ရောက်၍ ဂါရဝပြုကန်တော့ခဲ့ကြသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဝန်ထမ်းဟောင်းများအသင်းမှ မန္တလေးမြို့သို့ ယာယီရွှေ့ပြောင်းရောက်ရှိလာသည့် ကချင်ပြည်နယ်၊ ဖန်းမော်မြို့ မီးသတ်စခန်းမှ မိသားစုဝင် ၄၆ ဦးအား ငွေကျပ် ငါးသိန်းထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် သူနာပြု-သားဖွား ဒီပလိုမာ ၃ နှစ် သင်တန်းအောင်လက်မှတ်အပ်နှင်းခြင်း အခမ်းအနားသို့ တက်ရောက်အားပေး





**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေး-ကလေး သူနာပြု-သားဖွား ဒီပလိုမာ ၃နှစ် သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းဒီပလိုမာ အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက မဟာအောင်မြေမြို့နယ်ရှိ သူနာပြုသင်တန်းကျောင်းခန်းမဆောင်တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ်-မန္တလေးမှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများ၊ သူနာပြုအုပ်များ၊ သားဖွားသင်တန်းကျောင်း၊ သူနာပြုသင်တန်းကျောင်းတို့မှ ကျောင်းအုပ်ကြီးနှင့် ကျောင်းအုပ်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားစီမံဆောင်ရွက်ပေးနေပါကြောင်း၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိပြီး ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အရည်အသွေးအရည်အချင်းပြည့်ဝနေရုံသာမက ဘက်စုံထူးချွန်၍ ပြည်သူများ အားကိုးယုံကြည်ရသည့် သူနာပြု ဆရာ၊ ဆရာမ ကောင်းများဖြစ်အောင် အမြဲကြိုးစားနေကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် သူနာပြုသင်တန်းကျောင်း(မန္တလေး)မှ ကျောင်းအုပ်ကြီး ဒေါ်စန်းစန်းဦးက ကျေးဇူးတင်စကားပြောကြားပြီးနောက် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း၊ သူနာပြုသင်တန်းကျောင်း(မန္တလေး)တွင် ကလေးမြို့-သူနာပြုသင်တန်းကျောင်းနှင့်ပေါင်းစပ်၍ သူနာပြု-သားဖွား ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ခဲ့ရာ ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၂ရက်မှ ၁၁ရက်အထိ ကျင်းပစစ်ဆေးခဲ့သည့် နောက်ဆုံးနှစ်၊ သူနာပြု-သားဖွားဒီပလိုမာ လက်မှတ်ရစာမေးပွဲတွင် သူနာပြု-သားဖွား ဒီပလိုမာ ၃နှစ် သင်တန်းအောင်မြင်သူများအား အောင်လက်မှတ်အပ်နှင်းခြင်းအခမ်းအနားဖြစ်ပြီး သူနာပြုနှင့် သားဖွားသင်တန်းကျောင်း(ကလေး)မှ ၂၇ဦး၊ သူနာပြုသင်တန်းကျောင်း(မန္တလေး)မှ ၄၉ဦး စုစုပေါင်း ၇၆ဦးအား သင်တန်းဆင်းအောင်လက်မှတ်များ အပ်နှင်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မြို့တော်ညဈေး(မနော်ရမ္မ)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး



**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့၊ မြို့တော်ညဈေး (မနော်ရမ္မ)ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းက မဟာအောင်မြေမြို့နယ် ၆၂လမ်း၊ ၃၉လမ်းနှင့် ၄၁လမ်းကြား၊ အဆိုပါ မြို့တော်ညဈေးတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မြို့တော်ညဈေး(မနော်ရမ္မ)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် ဈေးအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ မြို့တော်ညဈေး (မနော်ရမ္မ)အား ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များနှင့် အများပြည်သူများ လာရောက်အပန်းဖြေစားသောက်နိုင်မည့် နေရာတစ်ခုအဖြစ် မြို့တော်အင်္ဂါရပ်နှင့်အညီ အကောင်အထည်ဖော်ဖွင့်လှစ်ခြင်းဖြစ်ပြီး နေ့စဉ် ညနေ ၅နာရီမှ ည ၉နာရီခွဲအထိ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဇုန်များအလိုက် ဆိုင်ခန်းပေါင်း ၃၇၀ကျော်ဖြင့် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

ဝ-ဝ-ဝ-ဝ-ဝ

# ကျောက်ဆည်မြို့နယ်တွင် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော စံပြနေကြာစိုက်ခင်းများအား ကွင်းဆင်းကြည့်ရှု



**ကျောက်ဆည် ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဒေသအတွင်းစားသုံးဆီဖူလုံပို လျှံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးလျက်ရှိပြီး ယမန်နေ့က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက ဒွေးလှကျေးရွာတွင် စိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသည့် ရေဆင်းစပ်မျိုး(၁)၊ စံပြနေကြာစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုခဲ့သည်။

အဆိုပါ ဆောင်းသီးနှံစံပြနေကြာစိုက်ခင်းများသည် ဒွေးလှသမဝါယမအသင်းလီမိတက် အသင်းသား ဦးနေဝင်း၏ ကွင်းအမှတ်(၃၃၇)၊ ဦးပိုင်အမှတ်(၁၄၅)တွင် စိုက်ပျိုးထားသော ရေဆင်းစပ်မျိုး(၁)နေကြာ စံပြစိုက်ဧက (၂)ဧကနှင့် မြို့နယ်သမဝါယမအသင်းစုလီမိတက်မှ စိုက်ပျိုးသည့် ရေဆင်းစပ်မျိုး(၁)နေကြာ စံပြစိုက်ဧက (၄)ဧကတို့ဖြစ်ကြောင်း လာရောက်ကြည့်ရှုသော ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများ၊ ဒေသခံနေကြာစိုက်တောင်သူများအား နေကြာသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး တောင်သူ ဦးနေဝင်းက မြေပြုပြင်ချိန်မှစ၍ သွင်းအားစုထည့်သွင်းခြင်း၊ ပြုစုပျိုးထောင်ခြင်း အဆင့်ဆင့်များကို ရှင်းလင်းပြောကြားခဲ့သည်။

ကျောက်ဆည်မြို့နယ် သမဝါယမဦးစီးဌာနအနေဖြင့် ကျေးရွာ (၃၉)ရွာမှ အသင်းသားတောင်သူများ လူမှုစီးပွားဘဝ အဆင်ပြေစေရေး သွင်းအားစုများနှင့် ရေဆင်းစပ်မျိုး(၁)မျိုးစေ့များ ဖြန့်ဖြူးပေးလျက်ရှိပြီး ဆောင်းနေကြာ (၅၀၂၆)ဧကစိုက်ပျိုးထားကြောင်းနှင့် ဒေသတွင်း စားသုံးဆီဖူလုံပိုလျှံရေး အခြားနေကြာစိုက်တောင်သူများကိုလည်း ရေဆင်းစပ်မျိုး(၁)နေကြာမျိုးစေ့ ဧက ၁၀၀၀ စာနှင့် ရှုရှားသဘာဝ ရွက်ဖျန်းမြေဩဇာများ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၈၅)

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲနှင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနား မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲနှင့် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမရှေ့ ပြိုင်ပွဲများ ကျင်းပရာနေရာနှင့် မြို့တော်ခန်းမအတွင်းတို့၌ ပြုလုပ်ဆောင်ရွက်ကြရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ ခေါင်းအုံးရိုက်နှင့် ချောတိုင်တက်အားကစားပြိုင်ပွဲများ ကျင်းပရာသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးဝင်းမောင်၊ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် အဆောက်အအုံနှင့် ကုန်ရုံဌာနမှ ကြီးမှူးကျင်းပသည့် ချောတိုင်တက်ပြိုင်ပွဲကိုလည်းကောင်း၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ကြီးမှူးကျင်းပသည့် ခေါင်းအုံးရိုက်ပြိုင်ပွဲ ယှဉ်ပြိုင်မှုကိုလည်းကောင်း ကြည့်ရှုအားပေးခဲ့ကြပြီး ခေါင်းအုံးရိုက်ပြိုင်ပွဲတွင် ယှဉ်ပြိုင်အနိုင်ရခဲ့ကြသည့်(အမျိုးသား၊ အမျိုးသမီး)ဝန်ထမ်းများကို ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် မြို့တော်ခန်းမအတွင်း၌ ဝန်ထမ်းများ၏ နှစ်ပတ်လည်နေ့ အကြိုအဖြစ် စုပေါင်းသွေးလှူဒါန်းပွဲဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။ စုပေါင်းသွေးလှူဒါန်းပွဲတွင် မြို့တော်စည်ပင်ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းဝန်ထမ်း စုစုပေါင်း (၁၂၅)ဦးတို့က သွေးမျိုးစုံကို မန္တလေးပြည်သူ့ဆေးရုံကြီး၊ သွေးလှူဘဏ်သို့ လှူဒါန်းခဲ့ကြရာ မန္တလေးပြည်သူ့ဆေးရုံအုပ်ကြီး၊ ခန္ဓာဗေဒဌာနပါမောက္ခဆရာဝန်ကြီး၊ အမျိုးသားသွေးလှူဘဏ်(မန္တလေး)တာဝန်ခံဆရာဝန်ကြီးနှင့် သူနာပြုဆရာမများ၊ ကျန်းမာရေးဌာနဝန်ထမ်းများက သွေးလှူဒါန်းသည့် လုပ်ငန်းအား ကူညီဆောင်ရွက်ပေးကြသည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၂၆လမ်းမှ ၃၅လမ်းအတွင်း ၇၈ လမ်းမကြီး တစ်လျှောက်အဓိက မြို့တွင်း လမ်းမကြီးများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် (Bobcat)တံမြက်စည်းလှည်းယာဉ် (၂)စီး၊ ရေကား (၂)စီး၊ သန့်ရှင်းရေးလုပ်သား (၂၀)ဦးတို့ဖြင့် ကတ္တရာလမ်းပေါ်တင်နေသော သဲ၊ ဖုန်များအား ရေဆေးသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးကာ မြို့တော်ဝန်က မြို့ပေါ်အဓိကလမ်းမကြီးများအား လစဉ်ရေဆေးသန့်ရှင်းရေးဆောင်ရွက်နိုင်ရေးနှင့် ယာဉ်စည်းကမ်းလမ်းညွှန်ဆေးလိုင်းများ၊ ပလက်ဖောင်းနှင့် လမ်းလယ်ကျွန်းတစ်လျှောက်တို့ရှိ (ဖြူနီကြား၊ ဝါနက်ကြား)ဆေးလိုင်းများအား ပေါ်လွင်ထင်ရှားနေအောင် အပတ်စဉ်ဆေးကြောရေးကိစ္စဆောင်ရွက်ပေးရန်တို့ကို တာဝန်ရှိလမ်းတံတားဌာနအင်ဂျင်နီယာအဖွဲ့အား မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ













## စစ်ကိုင်းမြို့ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၏ အငြိမ်းမအကြိမ် ဘွဲ့နှင်းသဘင် ကျင်းပ

**စစ်ကိုင်း ဒီဇင်ဘာ ၂၇**

စစ်ကိုင်းမြို့၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်၏ အငြိမ်းမအကြိမ် ဘွဲ့နှင်းသဘင်ကို ယနေ့ နံနက်ပိုင်းက ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။

"သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်အနေနဲ့ စီးပွားရေးနဲ့ ICT ပညာရပ်အပြင် လူမှုရေးစိတ်ဓာတ်နဲ့ ပူးပေါင်းဆောင်ရွက်တတ်တဲ့သဘောတရားတွေ၊ အလိုအပ်ဆုံးဖြစ်တဲ့ အခြေခံကောင်းတွေကို သင်ပေးလိုက်တာဖြစ်ပါတယ်။ ကမ္ဘာ့စီးပွားရေးဆိုင်ရာ စိန်ခေါ်မှုတွေကို ယှဉ်ပြိုင်နိုင်တဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေဖြစ်အောင် ကြိုးစားသွားကြဖို့၊ ဒီနေ့ မောင်မယ်တို့ကို ရိုးသားဖြောင့်မတ်တဲ့၊ အများအကျိုးဆောင်လိုတဲ့၊ တိုးတက်ကြီးပွားလိုတဲ့ စိတ်ကောင်းတွေနဲ့ ဘက်စုံကဏ္ဍစုံကနေ နိုင်ငံတော်ကို လက်တွေ့အကျိုးပြုကြဖို့လိုပါတယ်။နိုင်ငံတော်က အားထားရတဲ့ တာဝန်ယူတတ်တဲ့ ဗလငါးတန်နဲ့ပြည့်စုံတဲ့ လူငယ်စွမ်းဆောင်ရှင်တွေ ဖြစ်ကြစေလိုပါတယ်"ဟု သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ်ဒေါက်တာ မို့မို့ရီက အမှာစကားတွင်ထည့်သွင်းပြောကြားသည်။

ဘွဲ့နှင်းသဘင်တွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ်ဒေါက်တာ မို့မို့ရီက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မဟာဘွဲ့ (၇)ဦး၊ စီးပွားရေးသိပ္ပံဘွဲ့(၂၂၁)ဦး၊ Dip HRM ဒီပလိုမာတန်း (၂၅)ဦး၊ စုစုပေါင်း (၂၂၅)ဦးရှိပြီး တက်ရောက်ဘွဲ့ယူသူ(၂၁၀)ဦး၊ အဝေးရောက်ဘွဲ့ယူသူ(၄၅)ဦးတို့ကို သက်ဆိုင်ရာဘွဲ့လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၃၉၄)

**သင့်သွေးဖြင့် အသက်ကယ်ပါ။**



# အမှတ်(၂၄)အခြေခံပညာအထက်တန်းကျောင်း၌ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူငယ်စကားဝိုင်းကျင်းပရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားပြီး လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်သွယ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ခဲ့ပြီး အမှတ်(၂၄) အခြေခံပညာအထက်တန်းကျောင်းမှ Grade-11 ကျောင်းသူ မထက်ထက်အောင်က စာပေယဉ်ကျေးမှုနှင့် အနုပညာခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မစောသန္တာအေးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသူ မသူဇာသိမ့်က ပညာရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ရဲမင်းအောင်က စီးပွားရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်သန့်ကိုငြိမ်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဆွေးနွေးခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားပေးခဲ့ပြီး ဦးဆောင်ဆွေးနွေးသူမှလည်း မေးမြန်းသည့် အချက်များကို ပိုမိုပြည့်စုံရန် ပြည်လည်ဖြည့်စွက်ဖြေကြားဆွေးနွေးပေးခဲ့သည်။

အဆိုပါ လူငယ်စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ထုတ်ဝေသည့် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့ပြီး ခင်းကျင်းပြသထားသော နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကိုလည်း စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(၀၅၆)**

စာအုပ်
စာပေ
လူ့မိတ်ဆွေ။

# အကြိမ်(၄၀)မြောက် သွေးလှူဒါန်း

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာမှ ဆက်သွယ်ရေး(၁) ဦးအောင်မျိုးမြတ်(မျက်ကြည်လွှာအလှူရှင်)သည် ယနေ့ နံနက် ၉ နာရီက မြို့တော်ခန်းမ၌ ကျင်းပသော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၂)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် စုပေါင်းသွေးလှူဒါန်းပွဲတွင် ဇီဝိတဒါနအဖြစ် အကြိမ်(၄၀)မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၄၀)**



# လွတ်လပ်ရေးနေ့ကိုကြိုဆို၊ စာအုပ်ဈေးရောင်းပွဲတော် ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၇**

မန္တလေး၊ အောင်မြေသာစံမြို့နယ် ၂၆ဘီလမ်း၊ ၆၈လမ်းနှင့် ၆၉လမ်းကြား ကျုံးတောင်ဘက်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ နေ့စဉ် နံနက် ၇ နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်သည်။

အဆိုပါ စာအုပ်ဈေးရောင်းပွဲတော်တွင် ထိပ်ထားလှိုင်စာပေ၊ မော်စာပေ၊ ဝင်းသီဟစာပေတို့မှ စာအုပ်အဟောင်းအကောင်းများ၊ ရှားပါးစာအုပ်များ၊ စာအုပ်အသစ်များ၊ သုတရသ စာအုပ်မျိုးစုံတို့ကို ဖွင့်လှစ်ရောင်းချပေးသွားမည်။

စာအုပ်စာပေ ချစ်သူများ မလွတ်တမ်းသွားရောက်လေ့လာဝယ်ယူရမည့် စာအုပ်ဈေးရောင်းပွဲတော်ဖြစ်သည်။ စတင်ဖွင့်သည့်ရက်မှာပင် စာရေးဆရာများ၊ စာပေချစ်မြတ်နိုးသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ) (၀၅၀)**




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဝိုင်းဝန်းဖေးမ မန်းမြို့ပြ

\- - - - - - - -

* မြို့တော်ကောင်းကျိုး စည်သယ်ပိုး၍
ဆတိုးရှက်ထမ်း မနားတမ်းဘဲ
လျှောက်လှမ်းထုဆစ် သုံးဆယ့်နှစ်နှစ်
စင်စစ်ပြည့်မြောက် ခရီးပေါက်ကာ
ထိရောက်အောင်မြင် လုပ်ငန်းစဉ်တို့
ပေါ်လွင်လင်းလက် အဘက်ဘက်က
တိုးတက်နေတာ မျက်မြင်ပါ ။

* စည်ပင်သာယာ ပြည်သူပါမှ
လိုရာရောက်ပြီး စမတ်စီးတီး
မြို့ကြီးဖြစ်ရေး ဝိုင်းဝန်းဖေးမ
ကူပေးကြလျှင် မကြာခင်ဝယ်
စည်ပင်ဖွံ့ဖြိုး ရွှေရောင်ပြိုးသည့်
တန်ဖိုးပြည့်ဝ မန်းမြို့ပြအား
တွေ့ကြရမည် ခေတ်မီမီ ။

* သန့်ရှင်းကျန်းမာ စိမ်းလန်းသာပြီး
ရောဂါကင်းစင် စိတ်လန်းရွှင်သည့်
ဥယျာဉ်မြို့တော် သဏ္ဌာန်ပေါ်အောင်
ရည်မျှော်ကြိုးပမ်း ရှေ့သို့လှမ်း၍
တတ်စွမ်းသမျှ ဖြည့်ဆည်းကြကာ
မန္တလေးမြို့ တိုးတက်ဖို့ကို
ဝိုင်းလို့ဆောင်ကြဉ်း အသက်သွင်း ။ ။

**အောင်မျိုးမြတ်(မန္တလေး)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြို အလယ်တန်းအဆင့် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၂၇**


မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့တွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ အတတ်ပညာ သာမက အသိပညာဗဟုသုတများရှာမှီးနိုင်ရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာစာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် စာကြည့်တိုက်များသို့ သွားရောက်လေ့လာနိုင်ရန် ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီက ခရိုင်လူထုအခြေပြုဗဟိုဌာနတွင် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်တင်တင်ထွေးက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်သည့် အလေ့အကျင့်များရရှိလာစေရန်နှင့် စဉ်းစားတွေးခေါ်မှု မြင့်မားလာစေရေး၊ စာကြည့်တိုက်နှင့်အကျွမ်းတဝင်ရှိပြီး စာပေချစ်မြတ်နိုးသည့်စိတ်များ ဖြစ်ပေါ်လာကာ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးနှင့် ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ဗလငါးတန်နှင့်ပြည့်စုံရေး ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။


ထို့နောက် ပုံပြော၊ ကဗျာရွတ်ပြိုင်ပွဲ ကျင်းပခဲ့ရာ အခြေခံပညာကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်များချီးမြှင့်ခဲ့ကြောင်းနှင့်ပြိုင်ပွဲအပြီးတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **(ယာပုံ)**

**စုစုအေး(ကျောက်ဆည်)**





## ၂၀၂၅ ခုနှစ်တွင် ရုရှားသို့ အလည်အပတ်သွားရန် တရုတ်သမ္မတ ရှီကျင့်ဖျင် စီစဉ်ထားသည်ဟု ဆို



**မော်စကို ဒီဇင်ဘာ ၂၇**

လာမည့် ၂၀၂၅ ခုနှစ်တွင် ရုရှားသို့ အလည်အပတ်သွားရန် တရုတ်သမ္မတ ရှီကျင့်ဖျင် စီစဉ်ထားသည်ဟု တရုတ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ် အီဂေါ်မော်ဂူလော့ဗ်က ဒီဇင်ဘာ ၂၇ ရက်တွင် ထုတ်ဖော်အတည်ပြုလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တရုတ်နှင့် ရုရှားနှစ်နိုင်ငံအကြား ချစ်ကြည်ရေးနှင့် အပြန်အလှန်ဆက်ဆံရေးအတွက် ကြိုတင်စီစဉ်ထားသည့်အတိုင်း ရုရှားနိုင်ငံသို့ သမ္မတရှီကျင့်ဖျင် လာရောက်လည်ပတ်မည်ဖြစ်ကြောင်း သံအမတ် အီဂေါ်က ရှင်းပြသည်။

၎င်း၏ ထုတ်ဖော်အတည်ပြုချက်နှင့်ပတ်သက်၍ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်ပြောဆိုခြင်းမရှိသေးဘဲ တိတ်ဆိတ်နေသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလက ရုရှားသမ္မတ ဗလာဒီမာပူတင် တရုတ်နိုင်ငံသို့ အလည်အပတ်ရောက်ရှိစဉ် တရုတ်နှင့် ရုရှားနှစ်နိုင်ငံဆက်ဆံရေးကို အကန့်အသတ်မရှိဟု သုံးနှုန်းပြောဆိုအတည်ပြုခဲ့ကြောင်း သိရသည်။ **Mon**



## အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း အသက် ၉၂ နှစ်အရွယ်တွင် ဆေးရုံ၌ ကွယ်လွန်

**ဒေလီ ဒီဇင်ဘာ ၂၇**

အိန္ဒိယဝန်ကြီးချုပ်ဟောင်း မန်မိုဟန်ဆင်း ဒီဇင်ဘာ ၂၆ ရက်က အသက် ၉၂ နှစ်အရွယ်တွင် ဆေးရုံ၌ ကွယ်လွန်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ထင်ရှားသောခေါင်းဆောင်တစ်ဦး ကွယ်လွန်သွားသဖြင့် အိန္ဒိယတစ်နိုင်ငံလုံး ဝမ်းနည်းနေကြရသည်ဟု ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ၎င်း၏အင်တာနက်လူမှုကွန်ရက်စာမျက်နှာပေါ်တွင် စာရေးသားလွှင့်တင်ခဲ့သည်။

၎င်း၏ညီဖြစ်သူ အိန္ဒိယကွန်ဂရက်လွှတ်တော်ဥက္ကဋ္ဌ ရာဟူးလ်၊ ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီ၏ သမီး ပရီယန်ကာဂန္ဒီ စသောနိုင်ငံရေးလုပ်ဖော်ကိုင်ဖက်ဟောင်းများနှင့် တပည့်တပန်းအသီးသီးတို့ကလည်း အလားတူဝမ်းနည်းကြောင်း ထုတ်ဖော်ပြသခဲ့ကြသည်။

မန်မိုဟန်ဆင်းသည် ဝန်ကြီးချုပ်ဟောင်း နေရူးနောက်ပိုင်းတွင် ဒုတိယသက်တမ်းအတွက် ရွေးကောက်ပွဲထပ်မံယှဉ်ပြိုင်ပြီး ဆက်လက်အာဏာရခဲ့သည့် ပထမဆုံး အိန္ဒိယခေါင်းဆောင်ဖြစ်သည်။

မန်မိုဟန်ဆင်းသည် အလွန်ခြိုးခြံချွေတာပြီး စကားလည်းနည်းသော်လည်း ကူညီတတ်သဖြင့် အပေါင်းအသင်းများက ချစ်ခင်ခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS နိုင်ငံတကာသတင်းများ

## ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်ရေကာတာကြီးကို တရုတ်နိုင်ငံ တိဘက်ဒေသ၌ တည်ဆောက်သွားမည်

**ပေကျင်း ဒီဇင်ဘာ ၂၇**

ကမ္ဘာ့အကြီးဆုံးရေအားလျှပ်စစ် ရေကာတာကြီးကို တရုတ်နိုင်ငံ တိဘက်ဒေသ၌ တည်ဆောက်ရန် တရုတ်အစိုးရက စီစဉ်နေကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

လျှိုမြောင်သုံးခု ရေကာတာကြီးသည် တရုတ်နိုင်ငံတွင်သာမက တစ်ကမ္ဘာလုံးတွင် အကြီးဆုံးရေအားလျှပ်စစ်ရေကာတာကြီးဖြစ်သည်။

လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ထိုထက်ပိုကြီးသော ရေကာတာကြီးကို တိဘက်ဒေသတွင် ဆောက်လုပ်မည့်အစီအစဉ်နှင့်ပတ်သက်၍ လွန်ခဲ့သော ၂၀၂၀ ပြည့်နှစ်ကတည်းက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **Mon**





## ယာယီသမ္မတ ဟန်ဒုတ်ဆူးကို စွပ်စွဲပြစ်တင်ရန် တောင်ကိုရီးယားပါလီမန်က မဲခွဲဆုံးဖြတ်လိုက်ပြီ


**ဆိုးလ် ဒီဇင်ဘာ ၂၇**

ယာယီသမ္မတ ဟန်ဒုတ်ဆူးကို စွပ်စွဲပြစ်တင်ရန် တောင်ကိုရီးယားပါလီမန်က ဒီဇင်ဘာ ၂၇ ရက်တွင် မဲခွဲဆုံးဖြတ်လိုက်ပြီဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

သမ္မတ ယွန်းဆွတ်ယူးလ်ကို စစ်ဆေးမေးမြန်းနေသဖြင့် ရာထူးတာဝန်များ ဆိုင်းငံ့ထားချိန်အတွင်း ယာယီသမ္မတတာဝန်ထမ်းဆောင်ရန် ဝန်ကြီးချုပ် ဟန်ဒုတ်ဆူးကို ယာယီသမ္မတအဖြစ် ပါလီမန်က အတည်ပြုခန့်အပ်ခဲ့သည်။

စစ်အုပ်ချုပ်ရေးကြေညာခဲ့ခြင်းနှင့်ပတ်သက်၍ ယွန်းကို စွပ်စွဲပြစ်တင်ရန် စီစဉ်သောအခါ ဟန်ဒုတ်ဆူးက လိုက်လိုက်လျောလျောဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် အတိုက်အခံပါလီမန်အမတ်များက စွပ်စွဲပြစ်တင်လိုက်ခြင်းဖြစ်သည်။

၎င်းကို စစ်ဆေးမေးမြန်းနေစဉ် ယာယီသမ္မတတာဝန်ထမ်းဆောင်ရန် တောင်ကိုရီးယားပါလီမန်က ဘဏ္ဍာရေးဝန်ကြီး ချွဲဆန်မော့ကို တင်မြှောက်လိုက်ကြောင်း သိရသည်။ **Mon**



ဒီဇင်ဘာ ၂၇ ရက်က ကမ္ဘာမြေပြင်ရှိ ထိန်းချုပ်ရေးစခန်းသို့ အချက်ပြသင်္ကေတပေးပို့ကာ နေနှင့်အနီးဆုံးပတ်လမ်းထဲသို့ရောက်သည်အထိ စက်မချွတ်ယွင်းသေးကြောင်း သက်သေပြနိုင်ခဲ့သော နေလေ့လာရေး ပါကာအာကာသယာဉ်ကို တွေ့ရစဉ်။ **Mon**

## နော်ဝေနိုင်ငံ ဟတ်ဆဲမြို့အနီး ဘတ်စ်ကားတိမ်းမှောက်၊ ခရီးသည် သုံးဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိ

**အော့စလို ဒီဇင်ဘာ ၂၇**

နော်ဝေနိုင်ငံ ဟတ်ဆဲမြို့အနီးတွင် ဒီဇင်ဘာ ၂၆ ရက်က ခရီးသည်တင်ဘတ်စ်ကားတိမ်းမှောက်မှုဖြစ်ပွားရာ ခရီးသည် သုံးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုဘတ်စ်ကားပေါ်တွင် စီးနင်းလိုက်ပါလာသူ အများစုမှာ တရုတ်၊ ပြင်သစ်၊ အိန္ဒိယ၊ မလေးရှား၊ နယ်သာလန်၊ စင်ကာပူ၊ တောင်ဆူဒန်နိုင်ငံများမှဖြစ်ကြောင်း နော်ဝေရဲဌာနက အတည်ပြုသည်။

အဆိုပါခရီးသည်များသည် ဆောင်းတွင်း၌သာ တွေ့ရသော မြောက်အလင်းတန်းများကိုကြည့်ရှုလိုသဖြင့် နော်ဝေနိုင်ငံသို့ လာရောက်လည်ပတ်သူများဖြစ်ကြောင်း သိရသည်။ **Mon**



## ဆူဒန်ဘေးသင့်သူများအတွက် ထောက်ပံ့ရေးယာဉ်တန်း ခါတူးမ်မြို့တော်သို့ ပထမဆုံးအကြိမ် ရောက်ရှိလာ

**ခါတူးမ် ဒီဇင်ဘာ ၂၇**

ဘေးသင့်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ရေးယာဉ်တန်း ဆူဒန်နိုင်ငံ ခါတူးမ်မြို့တော်သို့ ဒီဇင်ဘာ ၂၆ ရက်က ရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

လွတ်လပ်သော အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာလုံခြုံရေးကျွမ်းကျင်သူများက ဆူဒန်နိုင်ငံတွင် ငတ်မွတ်ခေါင်းပါးမှုအခြေအနေဆိုးရွားလာလျက်ရှိသည်ဟု ထောက်ပြသတိပေးပြီးနောက် ရက်ပိုင်းအတွင်း ထိုယာဉ်တန်း ရောက်ရှိလာခြင်းပင်ဖြစ်သည်။

ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဆူဒန်ပြည်တွင်းစစ်တွင် တိုက်ခိုက်နေဆဲ နှစ်ဖက်လက်နက်ကိုင်အင်အားစုဝင်များ၊ ဒေသခံလူမှုကူညီရေးဆောင်ရွက်နေသူများ၏ ညှိနှိုင်းသဘောတူညီမှုရလဒ်အရ အဆိုပါထောက်ပံ့ရေးယာဉ်တန်းပိတ်ဆို့ဟန့်တားမခံရဘဲ ခါတူးမ်မြို့တော်သို့ ဘေးကင်းစွာ ရောက်ရှိလာခြင်းဖြစ်သည်။



ယူနီဆက်ဖ်အဖွဲ့၏ ကြီးကြပ်မှုဖြင့် ကုလသမဂ္ဂကပေးပို့ထောက်ပံ့လိုက်သော စားနပ်ရိက္ခာနှင့် ဆေးဘက်ဆိုင်ရာအထောက်အပံ့များကို ကုန်ကား ၂၈ စီးပါသည့် ယာဉ်တန်းဖြင့် တင်ဆောင်လာခဲ့သည်။

၂၀၂၃ ခုနှစ် ဧပြီလမှစတင်ခဲ့သော ပြည်တွင်းစစ်ကြောင့် နေရပ်စွန့်ခွာနေရသူပေါင်း ၁၁ သန်းကျော်တို့အတွက် ကုလသမဂ္ဂက လူသားချင်းစာနာသောအားဖြင့် ထောက်ပံ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



## လေထဲရှိပလတ်စတစ်အမှုန်အမွှားများကြောင့် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်သည်ဟု ဆို

လေထဲရှိ ပလတ်စတစ်အမှုန်အမွှားများကြောင့် အဆုတ်ကင်ဆာရောဂါ ဖြစ်ပွားနိုင်သည်ဟု အမေရိကန်ဆေးသိပ္ပံပညာရှင်များ မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဆန်ဖရန်စစ္စကိုတက္ကသိုလ်မှ ပါမောက္ခထရေစီဂျေဝုဒ်ရပ်ဖ် ဦးဆောင်သော သုတေသီများသည် လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးဆိုးကျိုးများနှင့် ပတ်သက်၍ စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့လေ့လာရာမှ လေထုထဲတွင် လွင့်ပျံ့နေသော ပလတ်စတစ်အမှုန်အမွှားများကြောင့် အဆုတ်ကင်ဆာရောဂါဖြစ်ပွားနိုင်ကြောင်း ဖော်ထုတ်အတည်ပြုနိုင်ခဲ့သည်။

လေထုထဲတွင် ဆန့်စေ့ထက်သေးငယ်သောအရွယ်မှ ပကတိမျက်စိဖြင့် မမြင်နိုင်သောအရွယ်ရှိသည့် ပလတ်စတစ်အမှုန်များကြောင့် အဆုတ်ကင်ဆာရောဂါသာမက အခြားကျန်းမာရေးချို့ယွင်းမှုများလည်းဖြစ်နိုင်ကြောင်း သိရသည်။ **SCI**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## မော်ဒယ်လ် Moon Gabi ၏ သားလေး ဖခင်ရင်းကို Dispatch ဖော်ထုတ်နိုင်ခဲ့

မော်ဒယ်လ်မွန်ဂါဘီ၏ သားလေး ဖခင်ရင်းကို နာမည်ကျော်သတင်းဌာနတစ်ခုဖြစ်သည့် Dispatch က အနုပညာရှင် ဂျောင်ဝူဆောင်းဖြစ်သည်ဟု ဖော်ထုတ်ပေးခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါဖော်ထုတ်မှုအပြီး ဂျောင်ဝူဆောင်းက ဝန်ခံခဲ့ကာ၊ သူတို့နှစ်ဦး မကြာခဏတွေ့ဆုံခဲ့သော်လည်း တရားဝင်ချိန်းဆိုခြင်းမရှိဘဲ မွန်းဂါဘီက ကလေးရှိကြောင်းအသိပေး၍ စစ်ဆေးမှုပြုလုပ်၍ မိဘအဖြစ်လက်ခံခဲ့သော်လည်း အဝေးမှထောက်ပံ့လိုကြောင်း ပြောကြားထားသည်။





မွန်ဂါဘီကလက်ထပ်၍ မိဘသားစုတစ်ခုတည်ဆောက်လိုသော်လည်း ဂျောင်ဝူဆောင်းက ငြင်းပယ်ခဲ့၍ မွန်ဂါဘီက ကလေးပုံတင်ခဲ့ရာမှ အဖြစ်မှန်ပေါ်ခဲ့ကာ ဂျောင်ဝူဆောင်း ကုမ္ပဏီက ဖခင်တစ်ယောက် တာဝန်ယူရန် စီစဉ်သွားမည်ဟု ထုတ်ပြန်ကြေညာထားသည်။ **SKY**

## Kim Nam-gil က အနုပညာရှင်များနှင့်အတူ လှူဒါန်းမှုလုပ်

ဆိုးလ်တက္ကသိုလ်တွင် ကျင်းပမည့် 2024 SMG SHOW The Strongest Show in the Universe တွင် အနုပညာရှင်များနှင့်အတူ ကင်နမ်ဂီးလ်က လှူဒါန်းမှုပြုလုပ်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။




အဆိုပါပွဲတွင် မင်းသားကင်နမ်ဂီးလ်နှင့် ရင်းနှီးသော ဆက်ဆံရေးရှိကြသည့် သရုပ်ဆောင် ၂၂ ဦးကလည်း ပါဝင်လှူဒါန်းခဲ့ကြရာ ကင်နမ်ဂီးလ်ဦးဆောင်သော တတိယအကြိမ်မြောက်ပွဲဖြစ်ပြီး ယဉ်ကျေးမှုနှင့်အနုပညာ NGO တစ်ခုဖြစ်သည့် Gilstory ၏ စီအီးအိုမင်းသားကင်နမ်ဂီးလ်နှင့် ပါဝင်လှူဒါန်းသော သရုပ်ဆောင်များကို ကျေးဇူးတင်ကြောင်း တာဝန်ခံကပြောကြားခဲ့သည်။

ယင်းဖျော်ဖြေပွဲမှရရှိလာမည့် ဝမ်သန်းတစ်ရာကို လူမှုရေးဆိုင်ရာအကျိုးပြုလှုပ်ရှားမှုများတွင် ပြန်လည်လှူဒါန်း၍ နွမ်းပါးသော ကလေးသူငယ်များကိုလည်း ပံ့ပိုးကူညီသွားမည် ဖြစ်သည်။

**SKY**

## Courtney B.Vance ကို Percy Jackson Season 2 အတွက် ရွေးချယ်ခံရ



ဟောလိဝုဒ်နာမည်ကြီး ရုပ်ရှင် John Wick နှင့် Percy Jackson an the Olympians သရုပ်ဆောင် လောရင့်စ်ရက်ဒစ် ကွယ်လွန်သွား၍ အပိုင်းနှစ်တွင် သရုပ်ဆောင်ရှာဖွေခဲ့ရာမှ ကာတန်နီဘီဗန်နီးကို ရွေးချယ်ထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

သရုပ်ဆောင် ကာတန်နီဘီဗန်နီးသည် The Hunt for Red October The Preacher's Wife နှင့် The Adventures of Huck Finn တို့နှင့် လူသိများခဲ့သူဖြစ်ပြီး အပိုင်းနှစ်တွင် သရုပ်ဆောင်လောရင့်စ်ရက်ဒစ်နေရာ၌ ပါဝင်ရန် ရွေးချယ်ခံခဲ့ရသည်။

အဆိုပါရုပ်ရှင်အပိုင်းတစ် Percy Jackson and The Olympians Season တွင် ဝရဇိန်လက်နက်ပျောက်ဆုံးမှုတရားခံအဖြစ်စွပ်စွဲခံရ၍ သူငယ်ချင်းတစ်သိုက်နှင့် နတ်ဘုရားများကြား စစ်ပွဲတားဆီးနိုင်ရန် နိုင်ငံအနှံ့ ဝရဇိန်လက်နက်ရှာဖွေခန်းဖြစ်ပြီး အပိုင်းနှစ်တွင် ဆက်လက်၍ ဝရဇိန်လက်နက်အကြောင်း တင်ဆက်ပြသထားသည်။ **SKY**

## Sabrina Carpenter က Twice အဖွဲ့ကို ချီးကျူးထား

ဟောလိဝုဒ်တေးသံရှင် ဆာဘရီယာကာပင်တာက တွိုက်စ်အဖွဲ့ဂီတထူးချွန်ဆုရရှိခြင်းနှင့်ပတ်သက်၍ ချီးကျူးစကားပြောကြားထားသည်ဟု ဟောလိဝုဒ်အတ်ဒိတ်တွင် ဖော်ပြသည်။


တွိုက်စ်အဖွဲ့ဝင်များစုံညီစွာနှင့် ကေပေါ့ပ်လောကသို့ တကျော့ပြန်ဝင်ရောက်လာခဲ့ပြီး အောင်မြင်မှုများစွာကို သိမ်းပိုက်ထားရာမှ ဂီတထူးချွန်ဆုကိုပါ ရရှိထားသည်။

တွိုက်စ်အဖွဲ့သည် သီချင်းပေါင်းများစွာနှင့် Amazon Music Life Show တွင်ပါဝင်ဖျော်ဖြေခဲ့ပြီး သီချင်းသစ်တစ်ပုဒ်ကိုလည်းချပြခဲ့၍ ဟောလိဝုဒ်တေးသံရှင် ဆာဘရီယာကာပင်တာက သူတို့အဖွဲ့၏ ကြိုးစားမှုများကို ချီးကျူးစကားပြောကြား၍ ဂုဏ်ပြုပေးခဲ့သည်။ **SKY**




## Henry Golding ၏ Crazy Rich Asians 2 ရိုက်ကူးရေးစတင်

ဒါရိုက်တာဂျွန်အမ်ချူက Crazy Rich Asians ရုပ်ရှင်အောင်မြင်မှုရရှိထားပြီးနောက် အပိုင်းနှစ်ကို ဆက်လက်ရိုက်ကူးရေးစတင်နေပြီဟု ပြောထားကြောင်း ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



အဆိုပါ ရုပ်ရှင်နှင့်ပတ်သက်၍ ဒါရိုက်တာဂျွန်အမ်ချူက သရုပ်ဆောင်ဟင်နရေဂိုးလ်ဒင်းနှင့် ကွန်စတက်ဝူတို့အဓိကပါဝင်ထားပြီး အာရှနောက်ခံ အချစ်ဒရမ်မာရုပ်ရှင်ကို ပုံဖော်ထားကြောင်း၊ ယင်းရုပ်ရှင်မှာ စာရေးဆရာကယ်မင်ကွမ်၏ Crazy Rich Asian သုံးအုပ်တွဲဝတ္ထုကို ပြန်လည်ရိုက်ကူးထားရာ ဒုတိယပိုင်းတွင် ဒုတိယဝတ္ထုဖြစ်သည့် Crazy Rich Girlfriends ကိုပုံဖော်ထားကြောင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရစ္စမတ်နှင့် အင်တာဗျူးတွင် ဒါရိုက်တာက အကောင်းဆုံးကိုလိုချင်၍ ပထမပိုင်းကဲ့သို့ ကြိုးစားထားကာ သင့်တော်သည့် အမြဲတေကိုမူကွဲပေါင်းများစွာနှင့် ဖန်တီးထားကြောင်း ထပ်မံပြောကြားထားသည်။

**SKY**

# မိုးပြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ကျော် ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၇**

ရှမ်းပြည်နယ် ကရင်နီနယ်စပ် မိုးဗြဲမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းများဖြင့် ဗုံးကြဲမှုကြောင့် နေအိမ် ၅၀ကျော် ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းတု သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူများ၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါမြို့တွင် အကြမ်းဖက်သမားများ တရားမဝင် ဝင်ရောက်ခိုအောင်းနေထိုင်မှု မရှိစေရေးနှင့် နယ်မြေအေးချမ်းတည်ငြိမ်မှုရှိစေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နွှေးသမပြတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားဘဲ ပြည်သူများနေထိုင်ရာ နယ်မြေအတွင်း တိုက်ပွဲများ ဖော်ဆောင်ခြင်းနှင့် ရွံ့ရှာစက်ဆုပ်ဖွယ် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်းကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးဆုံးရှုံးရခြင်းဖြစ်ကြောင်း၊ တရားမဝင် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ ဥပဒေမဲ့လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူများ အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချကာ ယခုကဲ့သို့ မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေနေခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံခြားကုမ္ပဏီများကို သတ္တုရိုင်း၊ သစ်အပါအဝင် ကုန်ပစ္စည်း ရှစ်မျိုး ပြည်ပတင်ပို့ခွင့်ပြု

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက နိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် နိုင်ငံခြားကုမ္ပဏီများကို ပြည်တွင်းထုတ်ကုန်ပစ္စည်းအချို့ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချခွင့်ပြုလိုက်ကြောင်း ဒီဇင်ဘာ ၁၇ ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထားသည်။

ထိုသို့ခွင့်ပြုလိုက်သည့် ကုန်ပစ္စည်းအုပ်စုများထဲမှာ တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့် အသား၊ ငါး၊ ရေထွက်ကုန်များနှင့် ကောက်ပဲသီးနှံ မျိုးစေ့၊ သန့်စင်သတ္တုရိုင်း၊ သစ်သီးဝလံ၊ ပန်းမန်ကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချော(သို့)ကုန်ချောပစ္စည်းများ၊ သစ်အခြေခံပရိဘောဂပစ္စည်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအထောက်အကူပြုကုန်စည်များ ပါဝင်သည်။

တစ်ဆင့်မြင့်ပြုပြင်ထုတ်လုပ်ထားသည့် အသား၊ ငါး၊ ရေထွက်ကုန်များနှင့် စပ်လျဉ်း ပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့၏ ထောက်ခံချက် တစ်ဆင့်မြင့်ပြုပြင်ထားသည့် ကောက်ပဲသီးနှံများထဲက ပဲမျိုးစုံ၊ ပြောင်း၊ နှမ်းတို့တင်ပို့ပါက FDA ၏ ထောက်ခံချက် အပါအဝင် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သည်။

ဆန်နှင့် ဆန်ကွဲတင်ပို့ခြင်းအတွက် ပြည်ပကနေ ပြည်တွင်းဘဏ်တစ်ခုခုသို့ ကနဦးရင်းနှီးမြှုပ်နှံမှုထည့်ငွေအနည်းဆုံး အမေရိကန် ဒေါ်လာ ၃ သန်း လွှဲပြောင်းပြီးကြောင်း အထောက်အထားလုံလောက်သည့် သိုလှောင်ရုံ၊ MRF အသင်းဝင် အထောက်အထားများ တင်ပြရမည်ဖြစ်ကြောင်း အမိန့်စာတွင် ဖော်ပြထားသည်။

ပျော့ဖတ်၊ စက္ကူအမျိုးမျိုးနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လုပ်ထုံးလုပ်နည်းများ၊ မျိုးစေ့နှင့်စပ်လျဉ်းပြီး မျိုးစေ့ဥပဒေ၊ စိုက်ပျိုးရေးဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်။

သစ်သီးဝလံပန်းမန်ကုန်ကြမ်းတို့မှ အဆင့်မြင့်ထုတ်လုပ်ထားသော တစ်ဝက်တစ်ပျက်ကုန်ချောပစ္စည်းတွေတင်ပို့ခြင်းအတွက် အမျိုးသားဥပဒေနှင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်။

သစ်အခြေခံပရိဘောဂပစ္စည်းများနှင့်စပ်လျဉ်း၍ မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောဦးစီးဌာနတို့၏ ထောက်ခံချက်ရယူရမှာဖြစ်သလို စပါးခွံနှင့်လွှစာမှုန့်စသည့် ဘေးထွက်ပစ္စည်းများနှင့် ပြုလုပ်ထားသည့် လောင်စာတောင့်များလို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုအထောက်အကူပြုကုန်ပစ္စည်းများတင်ပို့ရင် သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည် ဖြစ်သည်။




နိုင်ငံခြားကုမ္ပဏီများကို ပြည်ပတင်ပို့ခွင့်ပြုသည့် ကုန်ပစ္စည်းအုပ်စု ရှစ်ခုအတွက် တင်ပို့မှုဆိုင်ရာ လမ်းညွှန်ချက်များ၊ လိုအပ်ချက် အထောက်အထားများတင်ပြပြီးပါက ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရယူရမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ) ရွှေမန်း**

# ဆီထွက်သီးနှံ ဆောင်းနေကြာ ၃၈၀၃ ဧက လျာထားစိုက်ပျိုး

**ရေနံချောင်း ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ပြည်တွင်းဆီစားသုံးမှု ဖူလုံပိုလျှံစေရန်အတွက် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်အတွင်းရှိ လယ်ယာမြေနှင့် ကိုင်းမြေများတွင် ဆီထွက်သီးနှံနေကြာ စိုက်ပျိုးရန် ၃၈၀၃ ဧက လျာထားခဲ့ရာ ၂၂၀၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်းနှင့် သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

ရေနံချောင်းမြို့နယ်၌ ဆောင်းသီးနှံနေကြာကို အောက်တိုဘာ၊ နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးပြီး စိုက်ပျိုးချိန်အပေါ်မူတည်၍ ဖေဖော်ဝါရီ၊ မတ်လများတွင် ရိတ်သိမ်းရကြောင်း၊ မျိုးအနေဖြင့် ရေဆင်း(၁) စပ်မျိုးနေကြာနှင့် ဆင်းရွှေကြာ(၂)မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က နေကြာတစ်ဧကလျှင် နေကြာမျိုး ၃ ပြည်ခန့်ကုန်ကျပြီး တစ်ဧကအထွက်နှုန်း ၁၃၊ ၁၄ တင်းထွက်ရှိကာ တစ်တင်းလျှင် ငါးသောင်းကျပ်မှ ခြောက်သောင်းကျပ်အထိ ရရှိခဲ့ကြောင်း၊ ဆောင်းသီးနှံနေကြာကို ဘူးကျွန်းကျေးရွာ၊ မာန်မြေကျေးရွာနှင့် ကျမ်းကိုင်ကျွန်းကျေးရွာများရှိ ကိုင်း၊ မြေနုကျွန်းများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ နေကြာသီးနှံကို သီးညှပ်အဖြစ်စိုက်ပျိုးကြသလို သီးသန့်စိုက်ခင်းအဖြစ်လည်း စိုက်ပျိုးကြကြောင်း၊ နေကြာသီးနှံသည် မိသားစုစားသုံးဆီဖူလုံသော သီးနှံဖြစ်သည့်အတွက် နှစ်စဉ်တိုးချဲ့စိုက်ပျိုးသင့်ကြောင်း နေကြာစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးနှင့် သီးနှံဝင်ငွေတိုးပွားစေရန်အတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲရေး၊ စိုက်စနစ်မှန်ကန်ရေး၊ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ အချိုးကျသုံးစွဲနိုင်ရေး၊ ပိုးမွှားကျရောက်မှုအန္တရာယ် ကာကွယ်နှိမ်နင်းရေး စသည့် စိုက်ပျိုးရေးနည်းပညာများပေးကာ တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**



# အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အကြိုအထိမ်းအမှတ် အသိပညာပေးဟောပြော

**ပခုက္ကူ ဒီဇင်ဘာ ၂၇**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် သတင်းစကားလက်ကမ်းစာစောင် ဖြန့်ဝေခြင်းကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲက ပခုက္ကူမြို့၊ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူမြို့၊ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီး ဒေါ်သင်းသင်းဇာက (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်များအကြောင်း ရှင်းလင်းပြောကြားပြီး ပခုက္ကူခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုချိုမာက လွတ်လပ်ရေး၏ တန်ဖိုးနှင့် အဓိပ္ပာယ်များ၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ဦးတည်ချက်များနှင့် ဆောင်ပုဒ်သတ်မှတ်ချက်များ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ လွတ်လပ်ရေးရရှိပိုင်ဆိုင်နိုင်အောင်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ ပင်လုံစာချုပ်လက်မှတ်ရေးထိုးခဲ့ကြသည့် တိုင်းရင်းသားကိုယ်စားလှယ်များ အကြောင်းနှင့် စာချုပ်ပါအကြောင်းအရာ အချက်အလက်များ၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ ပြည်ထောင်စုမပြိုကွဲရေးနှင့် လွတ်လပ်ရေးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းဟောပြောသည်။



ထို့နောက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများထံ ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ်သတင်းစကားလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)(၃၄၀)**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(ခ-၄)၊ ဦးပိုင်အမှတ်(၁၂၃)၏ တောင်ဘက်ခြမ်း မြေအကျယ် ပေ(၂၀×၆၀)ရှိ ဦးသိန်းလှိုင်(ဘ-ဦးတင်သောင်း)(WMDY-၂၉၉၁၇၀) အမည်ဖြင့် မြေနေရာချထားရရှိသော မြေနှင့် ယင်းမြေပေါ်ရှိ ထရံကာ (၁)ထပ် အဆောက်အအုံ၊ ရေ၊ မီး၊ သံတံခါး၊ အုတ်တံတိုင်းအကာအရံနှင့် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အားလုံးတို့ကို ရောင်းချသူ ဒေါ်မြင့်မြင့်ရီ (ဘ)ဦးတုပ်(၅/မရန(နိုင်)၁၆၈၆၅၆) ကုန်းတန်းလေးကျေးရွာ၊ ပုသိမ်ကြီးမြို့နေသူမှ အရပ်ကတိစာချုပ်နှင့် နိုတြီပါဝါအဆင့်ဆင့်တို့ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်သည်ဟု အဆိုပြုပြောဆိုပြီး ရောင်းချသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော မူရင်းစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးနေဖြိုးဇော်(စဉ်–၁၃၃၂၄) တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဒီ–၅)၊ လမ်း၇၀၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၉၇၄၇၁၈၁၆၁ ၊ ၀၉–၄၀၂၅၁၅၁၇၇**

## ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်(၁)နေ **ဦးဝေယံကို (ဘ)** ဦးငွေလ်ခိုလန်း(၉/အမဇ(နိုင်)၀၃၁၇၁၈) မှ " **ဖမဲဃမိုး** " (သောက်ရေသန့်) အမည်ရှိ အမှတ်တံဆိပ်ကို မန္တလေးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် (၃၇၅၉/၂၀၂၄) အရ တရားဝင်မှတ်ပုံတင်သွင်းထားပြီး **သောက်ရေသန့်** ဖြန့်ဖြူးရောင်းချခြင်း တို့ကို လုပ်ကိုင်ဆောင်ရွက်လျက် ရှိပါသည်။

ဖမဲဃမိုး

မှတ်ပုံတင်စာချုပ်အမှတ်
(၃၇၅၉/၂၀၂၄)

အထက်ပါ အမည်အမှတ်တံဆိပ် " **ဖမဲဃမိုး** " (သောက်ရေသန့်) အမည်အမှတ်အသားဖြင့် **သောက်ရေသန့်**ကို မန္တလေးမြို့၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာရပ်ကွက်မှ **သောက်ရေသန့်**ကို ဖြန့်ဖြူးရောင်းချလျက်ရှိပြီး၊ အဆိုပါပစ္စည်းများကို ထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်၊ ပလတ်စတစ်ဘူး၊ စက္ကူပုတ်၊ စက္ကူဘူး၊ ပါဆယ်ထုပ်များ၊ ပုလင်းများနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်းများပေါ်တွင် လည်းကောင်း၊ ဆိုင်းဘုတ်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်၊ ရေဒီယို၊ အင်တာနက်၊ Facebook ၊ Telegram ၊ TikTok အစရှိသည့် လူမှုကွန်ရက်များ အစရှိသည် တို့အပေါ်တွင် အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကို ဖိနှိပ်၍၊ ကပ်နှိပ်၍၊ အသားတံဆိပ်ပြုလုပ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ တစ်ဝန်းလုံးသို့ လက်လီ-လက်ကား ဖြန့်ဖြူးရောင်းချလျက်ရှိပါသည်။

သို့ပါ၍ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို အများပြည်သူ ထင်ယောင်ထင်မှား ဖြစ်စေရန် တစ်စိတ်တစ်ဒေသဖြစ်စေ၊ ဆင်တူယိုးမှား ထင်ယောင်ထင်မှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တုပသုံးစွဲခြင်း မပြုလုပ်ရန် နှင့် ပြုလုပ်သုံးစွဲနေကြောင်း တွေ့ရှိပါက တရားဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဝေယံကို၏ လွှဲအပ်ချက်အရ–

**ဦးအာကာဇေယျ (စဉ်-၅၄၂၅၀)**

**အထက်တန်းရှေ့နေ**

လမ်း-၈၀၊ ၂၉×၃၀လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

၀၉-၇၇၇၂၂၅၇၉၇

## ကိုကျော်ဇင်ဟိန်းနှင့် အများသိစေရန် ကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ လက်သမားရပ်ကွက်၊ လမ်း၄၀၊ ၈၉လမ်းနှင့် လမ်း၉၀ကြားနေ ဦးသာဦး(ဘ)ဦးစံဖိုး(၉/မရမ(နိုင်)၀၀၇၄၄၅)၏ လွှဲအပ်ညွှန်ကြားချက်အရ ကိုကျော်ဇင်ဟိန်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးသာဦးသည် ကိုကျော်ဇင်ဟိန်း(ဘ)ဦးအောင်ကိုဦး(၉/ခအဇ(နိုင်)၀၅၇၇၇၉၈)၏ အဘိုးအရင်းတော်စပ်ပြီး မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ အကွက်အမှတ်(၇၃၃)၊ ၂၈လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားရှိ ဦးသာဦး ပိုင်ဆိုင်သော မြေနှင့်အိမ်ကို ဒေါ်စန္ဒာသက်(ခ)ဒေါ်စောအိအိမွန် (ဘ)ဦးခင်မောင်မြင့်(၅/ကလထ(နိုင်)၁၀၉၂၆၃)အား ရောင်းချရန် စရန်ငွေရယူထားပြီး (၃၁-၁၂-၂၀၂၄) ရက်၌ ကျန်ငွေအား ရယူ၍ အဆိုပါမြေကွက်အား ဝယ်ယူသူသို့ လက်ရောက်အပ်ရန် ကတိပြုထားပြီးသည်ကို ကိုကျော်ဇင်ဟိန်းလည်း သိရှိပြီးဖြစ်ပါသည်။ သို့ရာတွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလဆန်းပိုင်းမှစ၍ ကိုကျော်ဇင်ဟိန်းသည် မည်သည့်အရပ်ဒေသသို့ ထွက်ခွာသွားမှန်း မသိရဘဲ မည်သို့မျှ ဆက်သွယ်စုံစမ်းမရ ဖြစ်နေပါသည်။ ထို့ကြောင့် အဆိုပါ အရောင်းအဝယ်ပြုလုပ်သော မြေကွက်ထဲ၌ ကိုကျော်ဇင်ဟိန်း နေထိုင်ခဲ့သည့် ထရံကာသွပ်မိုး (၁)ထပ် ပျဉ်ထောင်အိမ်အတွင်းရှိ ပစ္စည်းများအား သက်ဆိုင်ရာ လူကြီးများနှင့် ရပ်မိရပ်ဖတို့ ရှေ့မှောက်တွင် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပြောင်းရွှေ့၍ အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကိုကျော်ဇင်ဟိန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| လွှဲအပ်ညွှန်ကြားသူ – | လွှဲအပ်ညွှန်ကြားချက်အရ – |
| ဦးသာဦး | ဒေါ်ယဉ်မွန်အေး (LL.B ) (D.B.L) |
| (၉/မရမ(နိုင်)၀၀၇၄၄၅) | တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၄၁၇) |

ဒေါ်ဖြိုးဖြိုးသန့် (LL.B) — အထက်တန်းရှေ့နေ(စဉ်–၅၃၆၆၇)
ဒေါ်ခိုင်ဖြူနှင်း (LL.B) — အထက်တန်းရှေ့နေ(စဉ်–၅၆၂၆၉)

၃၆လမ်း၊ ၈၄လမ်းနှင့် ၈၅လမ်းကြား၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။ဖုန်း ၀၉–၄၀၂၇၉၂၆၁၁

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၇)၊ ဦးပိုင်နံပါတ်(၁၅၁) ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဦးအောင်ဆန်းဦး အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်သင်းဦး(ဘ)ဦးစိန်မြင့်အေး(၉/ခမစ(နိုင်)၀၃၃၀၁၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ယ-၃)၊ ဦးပိုင်နံပါတ်(၄၈)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၆၀×၄၀) အကျယ်အဝန်းရှိ ဒေါ်ခင်စန်းတင့် အမည်ပေါက် ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း ပေ(၃၀×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဥပဒေနှင့်အညီ ပိုင်ဆိုင်ခဲ့သူ (ဇနီး)ဒေါ်ခင်သန်းမြင့် ကွယ်လွန်သွားခဲ့သဖြင့် လက်ရှိ အမွေဆက်ခံပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ (ခင်ပွန်း)ဦးဝင်းအောင်(ဘ) ဦးဘကြည်(၉/မရမ(နိုင်)၀၅၆၃၄၃) [၎င်း၏ကိုယ်စား သမီးဖြစ်သူ ဒေါ်သန္တာအောင်(ဘ)ဦးဝင်းအောင်(၉/မရမ(နိုင်)၀၀၄၃၅၁)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.B)** | **ဦးကြည်ယံ (LL.B)** | **ဦးစည်သူအောင် (LL.B)** | **ဒေါ်သဲမို့မို့ထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၈)၊ ဦးပိုင်နံပါတ်(၆၃)ဟု ခေါ်တွင်သော မြေဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးအောင်မြိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း ပေ(၁၅×၄၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ဂျူးချယ်ရီထွန်း(ဘ)ဦးဆန်းအောင်(၉/ခမစ(နိုင်)၀၃၂၀၈၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ | **ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ |

| | | | |
|---|---|---|---|
| **ဒေါ်ယုသစင်အောင် (LL.M)** | **ဒေါ်အေးနန္ဒာထွန်း (LL.B)** | **ဒေါ်မာလာစိုး (LL.B)** | **ဒေါ်ဖူးသန့်မွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

**အမှတ်(D–၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၂၀၃၂၅၆၄၊ ၀၉–၉၇၇၄၄၈၉၄၄၊ ၀၉–၄၀၂၅၉၅၀၂၁၊ ၀၉–၄၄၄၀၀၆၅၄၆**

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၂)၊ ဦးပိုင်အမှတ်(၁၅+၁၆-ခ)၊ မနော်ဟရီလမ်း၊ ၆၂လမ်းနှင့် ၆၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဟာဇီမာ(ခ)ဟဇီမာ(၁၃/မကန(နိုင်)၀၀၂၂၈၅)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၇၈/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဖောင်ကွန်ချိန်(ခ)ဖောင်ကျင်ထွန်း(ခ)အဟွန်(၉/မရမ(နိုင်)၀၈၀၇၉၀)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုး ရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၈)၊ ဦးပိုင်အမှတ်(၄)၊ ၁၁၀လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားရှိ တောဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းနိုင်၏ (SP ရရှိသူ ဦးတင်လင်း)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၁၇၃၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကြည်လှ (၉/ဝတန(နိုင်)၀၁၇၈၀၃)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၈၁၀/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ အမရပူရမြို့နယ်၊ နတ်ရေကန် ရပ်ကွက်၊ အကွက်အမှတ်(၀၀-၄၅)၊ ဦးပိုင်အမှတ်(၃-က)၊ Dလမ်း၊ ၆၂လမ်းနှင့် ၆၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်အုန်းငွေ(၉/မရမ(နိုင်)၀၂၁၀၇၃)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၂၂၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်နိုင်(ခ)မြင့်မြင့်နိုင်(၉/စကတ(နိုင်)၀၁၉၇၀၈)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

### ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုး ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၃၂)၊ ဦးပိုင်အမှတ်(၈၄)၊ မနော်ဟရီလမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်နန်းရွှေဟန်(၉/ခမစ(နိုင်)၀၀၆၄၁၇)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၂၇၀/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဖောင်ကွန်ချိန်(ခ)ဖောင်ကျင်ထွန်း(ခ)အဟွန်(၉/မရမ(နိုင်)၀၈၀၇၉၀) က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

❖ နိုင်ငံစီးပွား တိုးတက်ရေးနှင့် ထုတ်ကုန်ပစ္စည်းများ တိုးမြှင့်နိုင်ရေးအတွက် နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အစည်းအဝေး (၂၀၂၄)ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၇

အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့အစည်းအဝေး (၂၀၂၄) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရှိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်မှ ရဲအရာရှိကြီးများ၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်ရဲတပ်ဖွဲ့များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။




အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အကြမ်းဖက်မှုလှိုင်းများ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့အပေါ် သက်ရောက်မှု၊ နည်းပညာများ တိုးတက်လာမှုနှင့်အတူ အကြမ်းဖက်အုပ်စုများ၏ နည်းဗျူဟာများ ပြောင်းလဲလာမှု၊ ဒရုန်းများနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီဆုံးဖြတ်ချက်များ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် AI နည်းပညာအသုံးဝင်မှု၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား အပြန်အလှန်ဆက်စပ်နေမှု၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါမှု၊ နိုင်ငံအဆင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲအကောင်အထည်ဖော်ရန် ပြင်ဆင်နေမှုတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။ (အပေါ်ပုံ)

### ဆွေးနွေးပြောကြား

ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် နှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က ဆွေးနွေးပြောကြားသည်။

ယင်းနောက် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ အကြမ်းဖက်အုပ်စုများက ကျူးလွန်ခဲ့သော အကြမ်းဖက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး/ ဒဏ်ရာရရှိမှုနှင့် နိုင်ငံတော်ပိုင်/ ပုဂ္ဂလိကပိုင် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဆောင်ရွက်စဉ် အကြမ်းဖက်သမားများက အသုံးပြုခဲ့သည့် လက်နက်ခဲယမ်းများ သိမ်းဆည်းရမိမှု၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်အုပ်စုများနှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့များက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတကာသို့ သတင်းဖလှယ်ဆောင်ရွက်ခဲ့မှု၊ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးဆိုင်ရာ ရန်ပုံငွေရရှိသုံးစွဲမှု၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို ဆုကြေးငွေချီးမြှင့်ပံ့ပိုးပေးအပ်နိုင်မှုတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး ဌာနကြီးမှူး ရဲမှူးချုပ် ကျော်ဇေယျက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုပိုင်ပစ္စည်းများနှင့် ရန်ပုံငွေများကို ထိန်းချုပ်ရန် အမိန့်ထုတ်ပြန်နိုင်ရေး၊ ငွေကြေးဝန်ဆောင်မှု၊ ငွေကြေးလွှဲပြောင်းမှုတို့ကို မည်သူမျှမပြုလုပ်ရန် တားမြစ်နိုင်ရေး ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လုပ်ငန်းအဖွဲ့များ ပြန်လည်ပြင်ဆင်မှု၊ National Counter Terrorism Strategy ရေးဆွဲအကောင်အထည်ဖော်သွားရန် ပြင်ဆင်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌများ၊ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များက မိမိတို့သက်ဆိုင်ရာလုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း၊ အကြံပြုတင်ပြခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည့်အချက်များ၊ အတည်ပြုပေးခဲ့သည့်အချက်များ၊ ခွင့်ပြုပေးခဲ့သည့်အချက်များကို သက်ဆိုင်ရာလုပ်ငန်း ကော်မတီများ၊ လုပ်ငန်းအဖွဲ့များက လုပ်ထုံးလုပ်နည်းနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ငွေကြေးခဝါချမှု၊ လက်နက်မှောင်ခိုမှုတို့အကြား ဆက်စပ်နေမှုကို အမြဲမပြတ်လေ့လာသုံးသပ်ပြီး အကြမ်းဖက်မှုများကို ခေတ်နှင့်အညီ တိုက်ဖျက်နိုင်ရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍမြှင့်တင်ရေး၊ အကြမ်းဖက်မှုများ၏ ဖြစ်စဉ်အမှန်ကို နိုင်ငံတကာက သိရှိစေရန်ဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ အစွန်းရောက်ဝါဒနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တိုက်ဖျက်ရေးရန်ပုံငွေကို လုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျအသုံးပြုရေး၊ အကြမ်းဖက်မှုကျူးလွန်နိုင်ရန် ငွေကြေးထောက်ပံ့မှု၊ အကြမ်းဖက်အုပ်စုများနှင့်ဆက်နွှယ်နေသော ငွေကြေးစီးဆင်းမှုများကို စုံစမ်းထောက်လှမ်းဖော်ထုတ်ရေး၊ တားမြစ်ထိန်းချုပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲ ကျင်းပမည်

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ၂၆လမ်းနှင့် ၆၆လမ်းထောင့်တွင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ညနေ ၆ နာရီအချိန်မှစတင်၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး နိုင်ငံကျော်အဆိုတော်များဖြစ်ကြသော အုပ်စိုးခန့်၊ ဇော်ကို၊ မယ်လိုဒီ၊ ပိုပို၊ မေလသံစဉ်တို့နှင့် တွဲဖက်လျက် မန်းစည်ပင်ခေတ်ပေါ်တေးဂီတ၊ DJ တို့ဖြင့် တွဲဖက်ဖျော်ဖြေတင်ဆက် သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

(မန္တလေးနေ့စဉ်)